# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (2-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သောပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် မတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ခင်လေးစားအားထားရပါသော တောင်သူလယ်သမား ဦးကြီးများခင်ဗျာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ဖြစ်သော ၂၀၂၅ ခုနှစ် မတ် ၂ ရက်နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်းရှိ တောင်သူလယ်သမားဦးကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ခင်လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားပြည်သူတို့၏စားရေရိက္ခာဖူလုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားဦးကြီးများ၏ ကြိုးစားအားထုတ်မှုနှင့် စွမ်းဆောင်မှုများကို အထူးဂုဏ်ပြုပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးပိုမိုတိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ကြပြီး တောင်သူလယ်သမားဦးကြီးများ၏ စီးပွားဥစ္စာ

စာမျက်နှာ ၁၈ ကော်လံ ၁

## ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်ပွဲနှင့် မြစ်ရေတင်စီမံကိန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်



ပုသိမ် မတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် ကညင်ငူကျေးရွာ မြစ်ရေတင်စီမံကိန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ငါးတဲစုကျေးရွာတွင် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး

စာမျက်နှာ ၁၆ ကော်လံ ၁

**၂၀၂၅ ခုနှစ် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၂ ရက်
အယ်ဒီတာ့အာဘော်

# တောင်သူများ၏စွမ်းအား နိုင်ငံ့စီးပွားတိုးတက်ပွားများ

မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ ၂ ရက်နေ့ အချိန်အခါသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ လယ်ယာစိုက်ပျိုးမွေးမြူသူ၊ တောင်သူ၊ လယ်သမားကြီးများကို အလေးအနက် ဂုဏ်ပြုသတ်မှတ်ထားသည့် သမိုင်းဝင် နေ့ထူးနေ့မြတ် တောင်သူလယ်သမားနေ့ဖြစ်ပါသည်။ တောင်သူလယ်သမားများသည် နိုင်ငံအတွက် ခေတ်အဆက်ဆက် စားနပ်ရိက္ခာဖူလုံစေရေးအတွက် အဓိကကျ အရေးပါသူများဖြစ်သည့်အတွက် နိုင်ငံသားများက တောင်သူလယ်သမားများကို ကျေးဇူးရှင်တောင်သူဦးကြီးများဟုပင် တလေးတစား တင်စားခေါ်ဝေါ်ကြလေ့ရှိသည်။

နိုင်ငံတော်၏ အခြေခံစီးပွားရေး ကဏ္ဍကြီးဖြစ်သော စိုက်ပျိုး၊မွေးမြူရေးကဏ္ဍမှ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးတို့ကို အဓိကထား၍ ဖော်ဆောင်ပေးရာတွင် တောင်သူလယ်သမားကြီးများ၏ စွမ်းအားသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားဦးကြီးများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို အစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများအပါအဝင် တောင်သူလယ်သမားများဖြစ်ပြီး တောင်သူတို့ဆောင်ရွက်ကြသော စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေး၏ အခြေခံကျသောလုပ်ငန်းဖြစ်သည့်အပြင် အသေးစား၊အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) ကဏ္ဍနှင့်ပါဆက်နွယ်လျက်ရှိသည်။

လက်တွေ့အားဖြင့်လည်း နိုင်ငံ၏စိုက်ပျိုးရေးထုတ်ကုန်များကို MSME လုပ်ငန်းများဖြင့် အဆင့်မြှင့်တင်၍ ကုန်ချောအဖြစ် ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချကာ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများသည် MSME ၏ အဓိက လမ်းကြောင်းတစ်ခုဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့သို့ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် တောင်သူလယ်သမားလုပ်သားများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များ၊ သီးနှံတန်ဖိုး ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သတ်ကြသူများအားလုံး အကျိုးကျေးဇူးမျှတစွာ ခံစားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေးတိုးတက်မှုကိုလည်း အထောက်အကူပြုမည်ဖြစ်ပါသည်။

နိုင်ငံတော်အပိုင်းကလည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးကို အားပေးဖြည့်ဆည်းပေးသည့် အနေဖြင့် MSME ကဏ္ဍ အောင်မြင်အောင် မြှင့်တင်ပေးခြင်းအပြင် ခေတ်မီစိုက်ပျိုးမွေးမြူရေးဆိုင်ရာနည်းပညာများ၊ ရာသီဥတုနှင့် ဈေးကွက်သတင်းများကို မိုဘိုင်းဖုန်းများမှ ရာသီဥတုနှင့်တစ်ပြေးညီ ကြည့်ရှုအသုံးချနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ နိုင်ငံတော်က လယ်ယာကဏ္ဍအပါအဝင်နိုင်ငံတော်အမျိုးသားရေးအကျိုးစီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန် မြှင့်ဆောင်ရွက်ပေးလျက်ရှိသော်လည်း ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုကန့်သတ်ချက်များ အခက်အခဲ၊ အကျပ်အတည်းများကြားမှ စိုက်ပျိုးမွေးမြူရေးကဏ္ဍ အရှိန်အဟုန်မပြတ်အောင် စွမ်းအားပြည့်ပါဝင်ဆောင်ရွက်ခဲ့ကြသော တောင်သူလယ်သမားကြီးများသည် နိုင်ငံသားတို့၏ ကျေးဇူးရှင်များအဖြစ် အစဉ်ဂုဏ်ပြုအပ်သူများပင်ဖြစ်ပါသည်။

နိုင်ငံတော်၏လူဦးရေ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများတွင် ပါဝင်လျက်ရှိသည့် တောင်သူလယ်သမားတို့၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာပါက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတစ်ဝန်းရှိပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုဘဝတိုးတက်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် အခြေခံကျကျ လုံ့လ၊ ဝီရိယ အရင်းတည်ဆောင်ရွက်လျက်ရှိသော ကျေးဇူးရှင်တောင်သူလယ်သမားအပေါင်းကို ယနေ့ကျရောက်သော တောင်သူလယ်သမားနေ့ ရက်မြတ်မင်္ဂလာနှင့်အတူ လေးစားစွာဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ဝက်လက်မြို့နယ်တွင် ကုလားပဲကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၂၄ ဒသမ ၅ တင်း ထွက်ရှိ



**ဝက်လက် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ကုလားပဲ ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၄ ဒသမ ၅ တင်း ထွက်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၅၉၈၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၅၉၈၈ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၄ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဝက်လက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၅၅၉၈၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ကေစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရာ၌ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကစိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်တွင် မြေပဲဆန်များဝယ်ယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**ဓနုဖြူ မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူပဲဈေးကွက်တွင် မြေပဲဆန်များ ဝယ်ယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ဓနုဖြူမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးကဗျာက ပြောပြသည်။

ဓနုဖြူမြို့နယ် ပဲဈေးကွက်တွင် ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်ကစတင်ပြီး ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်လာပြီး အဆိုပါ မြေပဲဆန်များ အရောင်းအဝယ် ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများက မြေပဲဆန်များဝယ်ယူအား ကောင်းလာသည့်အတွက်ဖြစ်ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ထွက်ရှိတဲ့ မြေပဲဆန် တစ်ပိဿာကို ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ မြေပဲဆန်တွေ အဝယ်လိုက်နေတော့ တောင်သူတွေအပြင် ကုန်သည်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ အဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးကဗျာက ပြောပြသည်။

ဓနုဖြူမြို့နယ်က စားသောက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် မြေပဲဆန်များကိုဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန်စသည့်ပုံစံအမျိုးမျိုး ထုတ်လုပ်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးကဗျာထံမှ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်ကြီးမြို့နယ် ဟင်းရွက်စုကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပုသိမ်ကြီး မတ် ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဟင်းရွက်စုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့် ဟင်းရွက်စုကျေးရွာရှိကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများကို ထိန်းသိမ်းစောင့်ရှောက် သွားကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၄၈ သန်းဖြင့် ဟင်းရွက်စုကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၅၀၀ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေ ရေစက်ရုံတည်ဆောက်ခြင်း၊ ရွာတွင်းရေပိုက်လိုင်းသွယ်တန်းခြင်း နှစ်လက်မ PVC အရှည်ပေ ၅၂၈၀ သွယ်တန်းခြင်းလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၂၄ လမ်း၊ ၈၈-၈၉ လမ်းကြား၊ နဘဲကြူးရပ်နေ ဦးကျော်စိန်ဝင်း-ဒေါ်ခင်ဝင်းမြင့်မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ နာယက ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်၊ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတဓရ ဦးစိုးလင်းနှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် နှမ်းကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၅ ဒသမ ၃၆ တင်း ထွက်ရှိ



**ရေဦး မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် နှမ်းကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ ဒသမ ၃၆ တင်းထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၅၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ ဒသမ ၃၆ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာနှမ်း ၁၅၅၉၃ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းနှမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီ ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။ (၂၀၆)

# စဉ့်ကိုင်မြို့နယ် ကြည်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် မတ် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြည်ရွာကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြည်ရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၇ ဦး ကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း နေလှန်းဆားပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာရီက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သော ဇန်နဝါရီလ တစ်လအတွင်း ဒေသထွက် နေလှန်းဆား ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း နေလှန်းဆားပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

လပွတ္တာမြို့နယ်ကနေ ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ လထဲမှာလည်း ပိဿာချိန်တော်တော်များ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့တွေ သူ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်။ ဒီဘက်က ထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲ ကောင်းပါတယ်''ဟု လပွတ္တာမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာရီက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကိုဆား လုပ်ငန်းရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါနေလှန်းဆားပိဿာ ၁၀၀ လျှင် ငွေကျပ် ၆၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြောင်း လပွတ္တာမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာရီက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# နှမ်းအားလုံးဆီဖြစ်ရဲ့လား

**မျိုးသူ(ကုန်သွယ်မြှင့်)**

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြသည့်အထဲတွင် နှမ်းကိုစိုက်ပျိုးထုတ်လုပ်မှုသည် အများဆုံးဖြစ်သည်။ ၂၀၂၂-၂၀၂၄ ဘဏ္ဍာနှစ်တွင် နှမ်းကို ဧကပေါင်း ၃၇ ဒသမ ၅၆၈ သန်းကျော် စိုက်ပျိုးခဲ့ပြီး ၃၆ ဒသမ ၆၁၉ သန်းကျော် ရိတ်သိမ်းနိုင်ခဲ့ ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။ တစ်ဧက အထွက်နှုန်းမှာ ၈ ဒသမ ၉၅ တင်းထွက်ရှိသည်။ ပုံမှန်အားဖြင့် နှမ်းကိုအများဆုံးစိုက်ပျိုးထုတ်လုပ်မှုသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး တိုင်းဒေသကြီးအားဖြင့်ဆိုလျှင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ အထူးသဖြင့် မကွေးတိုင်းဒေသကြီးသည် နှမ်းအများဆုံးစိုက်ပျိုးထုတ်လုပ်သော တိုင်းဒေသကြီးဖြစ်သည်။

နှမ်းဆီကို အဆိုပါတိုင်းဒေသကြီးများတွင် အများဆုံးသုံးစွဲတတ်ကြပြီး အိမ်ရှင်မများသည် ကြော်လှော်ရာတွင် နှမ်းဆီသည် မွှေးသောရနံ့ရှိသော်လည်း အမြုပ်ထသဖြင့် သုံးစွဲမှုနည်းသည်။ အသုပ်များနှင့် ငါးခြောက်ဖုတ်၊ လက်ဖက် စသည်တို့တွင် နှမ်းဆီဆမ်း၍ စားသည့်အလေ့အထက ပိုများကြသည်။ မြန်မာနိုင်ငံတွင် သီးနှံများကို စိုက်ပျိုးရာတွင် ရည်ရွယ်ချက်နှစ်မျိုးဖြင့် စိုက်ပျိုးလေ့ရှိသည်။ အဆိုပါရည်ရွယ်ချက်မှာ ပြည်ပတင်ပို့နိုင်သည့် သီးနှံအဖြစ် စိုက်ပျိုးခြင်းနှင့် ပြည်တွင်းဈေးကွက်သက်သက်အတွက် ရည်ရွယ်စိုက်ပျိုးကြခြင်းဖြစ်သည်။ အချို့သီးနှံများကိုမူ ပြည်တွင်း၊ ပြည်ပဈေးကွက်နှစ်မျိုးစလုံးအတွက် ရည်ရွယ်စိုက်ပျိုးသည်လည်းရှိတတ်သည်။ ထိုသီးနှံများထဲတွင် နှမ်းသီးနှံသည် ပြည်တွင်းကြိတ်ခွဲရန်ထက် ပြည်ပသို့သီးနှံအနေဖြင့် တင်ပို့ရန်ရည်ရွယ်စိုက်ပျိုးကြသည်။ ပြည်ပတင်ပို့သည့်သီးနှံများသည် ဈေးကောင်းရကြသဖြင့် နှမ်းကိုလည်း ပြည်ပဈေးကွက်တွင် ဈေးကောင်းသည့်အရောင်ကို ပြောင်းလဲစိုက်ပျိုးတတ်ကြသည်။ နှမ်းကို အနက်၊ အဖြူ၊ အနီ၊ အညိုဟူ၍အရောင်များခွဲ၍ စိုက်ပျိုးတတ်ကြသည်။ ၂၀၀၅ -၂၀၀၆ ဘဏ္ဍာနှစ်ခန့်ထိ နှမ်းကို ပြည်ပတင်ပို့မှုကန့်သတ်ထားပြီး ပြည်တွင်း၌သာ ကြိတ်ခွဲစားသုံးရန် ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်ခန့်တွင် ဆီကြိတ်ခွဲလေ့ရှိသည့် နှမ်းကျား (နှမ်းအရောင်ရောရာ)၊ နှမ်းအနီ၊ အညိုတို့ကို ပြည်တွင်းကြိတ်ခွဲရန်နှင့် နှမ်းအဖြူနှင့် နှမ်းအနက်တို့ကို ပြည်ပတင်ပို့ရန် သတ်မှတ်ခဲ့ကြသည်။

ထိုအခါတွင် တောင်သူများသည် ဈေးကွက်တွင် ဝယ်ယူမှုအားများပြီး ဈေးကောင်းသည့် နှမ်းအဖြူနှင့် နှမ်းအနက်တို့ကို ပိုမိုစိုက်ပျိုးလာကြသည်။ ထို့နောက်ပိုင်းတွင် ပြည်ပဈေးကွက်တွင် ဝယ်လိုအားအကောင်းဆုံးနှင့် ဈေးအမြင့်ဆုံးရတတ်သည့် စမုန်နှမ်း၊ နှမ်းအနက်၊ နှမ်းအဖြူများကို အများဆုံးစိုက်ပျိုးထုတ်လုပ်ကြသည်မှာ ယခုထိဖြစ်သည်။ ထို့ကြောင့် နှမ်းသည် ဆီထွက်သီးနှံဖြစ်သော်လည်း ပြည်တွင်းစားသုံးရန် စားသုံးဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မှုမှာ မပြောပလောက်သောအရေအတွက်သာရှိကြောင်း ဈေးကွက်ရှိ နှမ်းဆီအခြေအနေကိုကြည့်ပြီး သိရှိနိုင်သည်။ နှမ်းကို အရောင်အလိုက် ပြည်တွင်းဈေးကွက်အတွက် ကြိတ်ခွဲမှုကို ကိန်းဂဏန်းအားဖြင့်မရနိုင်သဖြင့် အတိအကျဖော်ပြနိုင်ခြင်းမရှိပေ။ သို့သော် ဈေးသက်သာသော နှမ်းအနီ၊ နှမ်းအညို၊ ရောရာနှမ်းများကိုသာ အများအားဖြင့် နှမ်းဆီအဖြစ် ကြိတ်ခွဲလေ့ရှိသည်။ ပြည်ပတင်ပို့သည့် နှမ်းအဖြူနှင့် နှမ်းအနက်များမှာ ဈေးမြင့်သဖြင့် ပြည်တွင်းစားသုံးရန် စားဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မှုနည်းပါးကြသည်။ ထို့ပြင် နှမ်းဆီသည် အနည်းငယ်ခါးသောအရသာရှိပြီး ကြော်ရာတွင် အမြုပ်ထသဖြင့် အိမ်ရှင်မများ နှစ်သက်မှုနည်းသဖြင့် ဈေးကွက်ဝေစုနည်းခြင်းနှင့် ဈေးနှုန်းမှာလည်း မြေပဲဆီနှင့် များစွာကွာခြားမှုမရှိသဖြင့် နှမ်းဆီသီးသန့်ကြိတ်ခွဲထုတ်လုပ်မှုနည်းရခြင်းဖြစ်သည်။

**မြန်မာ့နှမ်းပြည်ပတင်ပို့မှု**

နှမ်းပြည်ပတင်ပို့မှုကိုလေ့လာကြည့်လျှင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ကြည့်လျှင် တစ်နှစ်လျှင် တန်ချိန်တစ်သိန်းကျော် သို့မဟုတ် တစ်သိန်းခန့် တင်ပို့နိုင်သည်ကိုတွေ့ရသည်။ ရေကြောင်းမှ အနည်းငယ်သာတင်ပို့ပြီး နယ်စပ်မှအများဆုံးတင်ပို့သည်ကို တွေ့ရသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နှမ်းဈေးရရှိမှုအလွန်နည်းပါးခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နှမ်းတင်ပို့မှုသည်အနည်းငယ်ပြန်လည်မြင့်တက်လာပြီး တန်ချိန် ၁၀၈၇၁၈တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄၇ သန်းခန့်ရရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၂၀၉၅၁ တန်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၁၆၇၄၃ တန်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၇၅၈၄၁ တန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တန်ချိန် နှစ်သိန်းကျော်ထိ တင်ပို့နိုင်ခဲ့သည်။ ထို့နောက်နှစ်များတွင် ကိုဗစ်-၁၉ရောဂါကြောင့် တင်ပို့မှုများကျဆင်းခဲ့သည်။ သို့သော် ယခုနှစ်ထိ တန်ချိန် တစ်သိန်းကျော် တင်ပို့လျက်ရှိသည်ကို တွေ့နိုင်သည်။ စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ တစ်ဧကအထွက်နှုန်း ၈ ဒသမ ၉၅ တင်းဖြင့်ဆိုပါက တင်း ၃၂၇ သိန်းကျော် ထွက်ရှိသဖြင့် ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းအခြားအသုံးများကို နုတ်လိုက်ပါက တင်းပေါင်း သိန်း ၂၇၀ ခန့်ကျန်ရှိသည်ကို တွေ့ရသည်။ တင်း ၁၀၀ လျှင် ဆီတစ်တန်ခန့် ကြိတ်ခွဲရရှိနိုင်သည်ဆိုပါက ဆီတန်သိန်းပေါင်း ၂ ဒသမ ၆ သိန်းရရှိနိုင်သည်။ သို့ရာတွင် နှမ်းဆီကို ဈေးကွက်တွင် တွေ့ရှိရမှု အလွန်နည်းပါးသည်။ ထို့ပြင် နှမ်းအနက်နှင့် အဖြူသည် ပြည်ပတင်ပို့ရန်အတွက်သာရည်ရွယ်ပြီး တောင်သူများက စိုက်ပျိုးကြခြင်းဖြစ်ကာ ကုန်သည်များကလည်း ပြည်ပတင်ပို့ရန် ရည်ရွယ်၍ ဝယ်ယူသိုလှောင်တတ်ကြသည်။ ယခုနှစ်တွင် နှမ်းအဖြူကို မကွေးတိုင်းဒေသကြီးတွင် ပိုမိုစိုက်ပျိုးခဲ့သည်ဟုသိရပြီး နှမ်းနက်မှာ နှမ်းအဖြူထက်လျော့နည်းခဲ့သည်ဟု လေ့လာသိရသည်။ သို့ရာတွင် နှမ်းနက်၊ စမုန်နှမ်းတို့မှာ ယခုနှစ်တွင် ဈေးကောင်းခဲ့ပြီး နှမ်းအဖြူဈေးမှာ စမုန်နှမ်းနှင့် နှမ်းနက်ဈေးများအောက် ထက်ဝက်ခန့်ဈေးနည်းခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် နှမ်းကို နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံးတွင် စိုက်ပျိုးလေ့ရှိသဖြင့် ဆီထွက်သီးနှံများတွင် စိုက်ဧက အများဆုံးဖြစ်သည်။ နှမ်းစိုက်ဧကမှာ ဆီထွက်သီးနှံအားလုံးပေါင်းစိုက်ဧက၏ ၄၀ ရာခိုင်နှုန်းကျော်ထိရှိသည်။

**❖နှမ်းသည် ဆီထွက်သီးနှံဖြစ်သော်လည်း ပြည်တွင်းစားသုံးရန် စားသုံးဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မှုမှာ မပြောပလောက်သောအရေအတွက်သာရှိကြောင်း ဈေးကွက်ရှိ နှမ်းဆီအခြေအနေကိုကြည့်ပြီး သိရှိနိုင်သည်။ နှမ်းကို အရောင်အလိုက် ပြည်တွင်းဈေးကွက်အတွက် ကြိတ်ခွဲမှုကိုကိန်းဂဏန်းအားဖြင့် မရနိုင်သဖြင့် အတိအကျဖော်ပြနိုင်ခြင်းမရှိပေ။ သို့သော် ဈေးသက်သာသော နှမ်းအနီ၊ နှမ်းအညို၊ ရောရာနှမ်းများကိုသာ အများအားဖြင့် နှမ်းဆီအဖြစ်ကြိတ်ခွဲလေ့ရှိသည်။ ပြည်ပတင်ပို့သည့် နှမ်းအဖြူနှင့် နှမ်းအနက်များမှာဈေးမြင့်သဖြင့် ပြည်တွင်းစားသုံးရန် စားဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မှုနည်းပါးကြသည်။ ❖**

**ကမ္ဘာ့နှမ်းတင်ပို့မှုနှင့် မြန်မာ့နှမ်းတင်ပို့မှု**

ကမ္ဘာပေါ်တွင် နှမ်းကိုအများဆုံးတင်ပို့သောနိုင်ငံများမှာ ဆူဒန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံ၊ နိုင်ဂျာနိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ မိုဇမ်ဘစ်နိုင်ငံ၊ တူကီယဲနိုင်ငံ၊ မြန်မာနိုင်ငံ၊ တိုဂိုနိုင်ငံ၊ တရုတ်နိုင်ငံတို့ဖြစ်ကြသည်။ ဆူဒန်နိုင်ငံသည် တရုတ်နိုင်ငံသို့အများဆုံးတင်ပို့ပြီး အိန္ဒိယနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သို့ အနည်းငယ်တင်ပို့သည်ဟု သိရသည်။ ၂၀၂၃ ခုနှစ်တွင် ဆူဒန်နိုင်ငံ၏ နှမ်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆၁၃ ဒသမ ၈၅၃သန်း တင်ပို့ထားသည်။ ၂၀၂၀ ပြည့်နှစ်က တင်ပို့မှုထက်လျော့နည်းသွားသည်ကို တွေ့ရသည်။ ကမ္ဘာ့နှမ်းတင်ပို့မှုအဆင့် (၂) ရှိသော အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် တိုးတက်တင်ပို့လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၈၉ ဒသမ ၅၈၉ သန်းထိ တင်ပို့ထားသည်။ နိုင်ဂျီးရီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၂၇ ဒသမ ၈၅၁ သန်းထိ ၂၀၂၃ ခုနှစ်တွင် တိုးတက်တင်ပို့လာခဲ့သည်ကို တွေ့ရသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့နှမ်းတင်ပို့မှုတွင် အဆင့် (၆) နေရာတွင်သာရှိရာမှ ၂၀၂၃ ခုနှစ်တွင်အဆင့် (၃) နေရာထိ ရောက်ရှိလာသည်။ ပါကစ္စတန်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့နှမ်းတင်ပို့မှု၌ အဆင့် (၄) နေရာတွင်ရှိလာသည်ကိုတွေ့ရသည်။ နှမ်းတင်ပို့မှုမှာ ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၁၇ ဒသမ ၃၆၄ သန်းထိရှိလာသည်။ အီသီယိုးပီးယားနိုင်ငံသည် ကမ္ဘာ့တင်ပို့မှုစုစုပေါင်းတွင် ၉ ဒသမ ၉၅ ရာခိုင်နှုန်းထိ ပါဝင်သည်ဟု သိရသည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၁၂ သန်းဖိုးထိ တင်ပို့သည်ဟုသိရသည်။ တင်ပို့မှုအားလုံးလိုလိုမှာ တရုတ်နိုင်ငံသို့သာဖြစ်သည်ဟု သိရသည်။

၂၀၂၃ ခုနှစ်တွင် အီသီယိုးပီးယားနိုင်ငံသည် တင်ပို့မှုလျော့နည်းခဲ့ပြီး ကမ္ဘာ့အဆင့်တွင် အဆင့် (၅) သို့ ရောက်ရှိသွားသည်။ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၀၆၃ သန်းရှိခဲ့သည်။ တန်ဇန်းနီးယားနိုင်ငံ၏ ၂၀၂၀ပြည့်နှစ်တွင် တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၀၆ သန်းရှိသည်။ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂၅ ဒသမ ၆၀၄ သန်းထိ တင်ပို့လာသည်ကို တွေ့ရသည်။ နှမ်းတင်ပို့မှုကမ္ဘာ့အဆင့် (၇) မှာ ဘရာဇီးနိုင်ငံဖြစ်လာသည်။ ၂၀၂၀ ပြည့်နှစ်တွင် ဘရာဇီးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၃၀၃ သန်းဖိုးသာ တင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁၉ ဒသမ ၉၂၆ သန်းဖိုးထိ တိုးတက်တင်ပို့လာသည်ကို တွေ့ရသည်။ ၂၀၂၀ ပြည့်နှစ်ထက် တင်ပို့မှုတိုးတက်လာသော်လည်း ကမ္ဘာ့အဆင့်အားဖြင့် ကျဆင်းသွားသည်။ ချက်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၉၉၂ သန်းဖိုးရှိပြီး ကမ္ဘာ့အဆင့်အားဖြင့် နံပါတ် (၈) တွင်ရှိလာသည်။ ၂၀၂၃ ခုနှစ်တွင် မိုဇမ်ဘစ်နိုင်ငံသည် တင်ပို့မှုတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄၈ ဒသမ ၈၁၅ သန်းထိတင်ပို့ထားပြီး အဆင့် (၉) ဖြစ်လာသည်။ ကမ္ဘာ့အဆင့် (၁၀) မှာ တူကီယဲနိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၄၆၉ သန်းဖိုးရှိသည်ကို တွေ့ရသည်။

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့် စတုတ္ထလိုက်သောနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပြီး ကမ္ဘာ့တင်ပို့မှုစုစုပေါင်း၏ တင်ပို့မှုတန်ဖိုးကို သန်း ၃၀၀ ခန့်ဖော်ပြထားသည်။ (မြန်မာ့အကောက်ခွန်မှစာရင်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂၇၉ သန်း ဟုသိရှိရသည်။) ၂၀၂၃ ခုနှစ်တွင် World Trade Map ၏ စာရင်းအရ ကမ္ဘာ့အဆင့် ၁၁ ဖြစ်ပြီး တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၇၆၉သန်း ခန့်ရှိကြောင်း သိရသည်။ နယ်စပ်ကုန်သွယ်မှုကျဆင်းသဖြင့် နှမ်းတင်ပို့မှုကျဆင်းကြောင်း သိရသည်။ မြန်မာနိုင်ငံမှ အများဆုံးတင်ပို့သောနိုင်ငံများမှာ တရုတ်နိုင်ငံ၊ တရုတ်(တိုင်ပေ)၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ကနေဒါနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယီမင်နိုင်ငံတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့သို့ ပိုမိုတင်ပို့နိုင်ရေး၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့သို့ ပိုမိုတင်ပို့နိုင်ရေးကိုလည်း အဆိုပါနိုင်ငံများရှိ စီးပွားရေးသံမှူးများက သေချာစွာ ဆောင်ရွက်ပေးသင့်သည်။

**ကမ္ဘာ့နှမ်းတင်သွင်းသည့်နိုင်ငံများ**

H.S Code 120740 ဖြစ်သောနှမ်းကို အများဆုံးတင်သွင်းသောနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ ဒုတိယအများဆုံးတင်သွင်းသောနိုင်ငံမှာ တူကီယဲနိုင်ငံဖြစ်သည်။ တတိယ အများဆုံးနှမ်းတင်သွင်းသောနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်သည်။ အစဉ်လိုက် တင်ပြရမည်ဆိုပါက အိန္ဒိယ၊ တောင်ကိုရီးယားနိုင်ငံ၊ အီရန်နိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ အမေရိကန်နိုင်ငံတို့ဖြစ်ကြသည်။ ဂျာမနီ၊ ဂျော်ဒန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂရိနိုင်ငံတို့သည်လည်း အနည်းငယ်တင်သွင်းကြသည်ကို တွေ့ရသည်။

**နှမ်းနှင့်နှမ်းဆီ**

မြန်မာနိုင်ငံတွင် နှမ်းကို စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာခြင်းမှာ ပြည်ပတင်ပို့မှုကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။ ပြည်ပတင်ပို့မှုတိုးတက်လာသည်နှင့် အမျှ အရည်အသွေးနှင့်အရောင်ကို သေချာစွာ ရွေးချယ်စိုက်ပျိုးလာကြသဖြင့် ပြည်တွင်းဈေးကွက်တွင် နှမ်းသည် အရောင်ကိုလိုက်၍ဈေးနှုန်းများလည်း ကွဲပြားလာကြောင်း တွေ့ရသည်။ ယခုနှစ်တွင် နှမ်းအနက်များမှာ နှမ်းအဖြူထက် ဈေးကောင်းရသည်ကို တွေ့ရသည်။ ထိုသို့ နှမ်းအနက်ဈေးကောင်းသည်ဆိုပါက ယခုနှစ် နှမ်းစိုက်ပျိုးမှုတွင် နှမ်းအနက်စိုက်ပျိုးမှုသည် နှမ်းအဖြူထက် မြင့်လာတတ်သည်။ တစ်နည်းအားဖြင့် တောင်သူသည် ဈေးကောင်းရသောသီးနှံကို စိုက်ပျိုးသည့် အလေ့အထရှိသည့်အတွက်ဖြစ်သည်။ မိုးနှမ်းသည် မိုးကိုမှီ၍စိုက်ပျိုးရခြင်းဖြစ်၍ အထွက်တွင်လည်း မိုးကိုမှီ၍ အထွက်နှုန်းနည်းတတ်များတတ်သည်။ များသောအားဖြင့် ခုနစ်တင်း၊ ရှစ်တင်း စသည်ဖြင့်ထွက်တတ်သော်လည်း ရေသွင်းနှမ်းများမှာမူ ရေသေချာသဖြင့် အထွက်လည်းကောင်းတတ်သည်။ ၁၅တင်း၊ တင်း၂၀ စသည်ဖြင့် ထွက်တတ်သည်။ သို့ရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ ပျမ်းမျှအထွက်နှုန်းအရ တစ်ဧကလျှင် ပျမ်းမျှ ကိုးတင်းခန့်ထွက်ကြောင်း တွေ့နိုင်သည်။ နှမ်းဆီကို လွန်ဖြင့်ကြိတ်ခွဲသည့် ဆီစက်များဖြင့် ကြိတ်ခွဲလေ့ရှိသည်။ စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## စစ်ကိုင်းမြို့နယ်တွင် ဆောင်းမြေပဲ ၁၀၀၃၂ ကေထိ နုတ်သိမ်းပြီးစီး တစ်ကေလျှင် ၆၆ ဒသမ ၄၂ တင်းထွက်ရှိ



**စစ်ကိုင်း မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၀၀၃၂ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၃၈၁ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၀၃၂ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၆ ဒသမ ၄၂ တင်းထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၃၃၈၁ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၀၀၃၂ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားကျရောက်မှုကင်းစင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ **စာမျက်နှာ ၄ မှအဆက်**

ယခုအခါ နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ပြည်တွင်းဆီကြိတ်ခွဲစက်ငယ်များ တိုးပွားလာသည်ကို တွေ့နေရသည်။ အဆိုပါဆီစက်များတိုးလာသကဲ့သို့ ပြည်တွင်းဆီကြိတ်ခွဲထုတ်လုပ်မှုသည်လည်း တိုးတက်လာဖွယ်ရာရှိသည်။ ထိုသို့ပြည်တွင်း စားသုံးဆီကြိတ်ခွဲမှုတိုးလာခြင်းနှင့်အတူ နှမ်းဆီကြိတ်ခွဲထုတ်လုပ်မှုလည်း တိုးတက်လာရန်လိုအပ်သည်။ နှမ်းကို ပြည်တွင်းဆီဖူလုံရေးအတွက် အားတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ အကယ်၍ ပြည်တွင်းဈေးကွက်တွင် နှမ်းဖြူနှင့် နှမ်းနက်တို့မှာ ဈေးကောင်းသဖြင့် ပြည်တွင်းဆီဈေးကြီးမြင့်နိုင်သောကြောင့် မကြိတ်နိုင်ပါက နှမ်းနီ၊ နှမ်းညိုများကို ဈေးသက်သက်သာသာနှင့် ရောင်းချနိုင်ရေး၊ ပြည်တွင်းဆီကြိတ်ခွဲနိုင်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက ပြည်တွင်းတွင် နှမ်းဆီစစ်စစ် စားသုံးနိုင်ရေးမှာ လွယ်မယောင်နှင့်ခက်၍ တိမ်မယောင်နှင့်နက်သောအခြေအနေမျိုးဖြစ်နေနိုင်သည်။ နှမ်းဆီကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ပြည်ပတင်ပို့မှုများကို ရပ်တန့်ပါကလည်း ပြည်တွင်းဆီစက်များက ထုတ်လုပ်သမျှနှမ်းများကို ဝယ်ယူနိုင်သည့်အခြေအနေမရှိနိုင်သဖြင့် ပြည်တွင်းဈေးနှုန်းများကျဆင်းပြီး စိုက်ပျိုးမှုလည်း လိုက်ပါကျဆင်းမည်ဖြစ်သည်။ တစ်ဖက်ကလည်း ပြည်ပတင်ပို့ခြင်းမှရရှိသည့် နိုင်ငံခြားငွေများ လျော့နည်းသွားမည်ဖြစ်သည်။ နှမ်းဆီကို ခေတ်မီသန့်စင်ကြိတ်ခွဲနိုင်သည့် စက်များဖြင့်ကြိတ်ခွဲပြီး ပြည်ပသို့နှမ်းဆီမွှေးနှင့် နှမ်းလှော်မှုန့်များ စသည့်တန်ဖိုးမြှင့်ထုတ်ကုန်များတင်ပို့နိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်တွင်းတွင် နှမ်းဆီကို ပရီမီယံအဖြစ်အဆင့်မြင့်မြင့်ဖြင့် ရောင်းချခြင်းမျိုးကို ပြုလုပ်နိုင်မည်ဆိုပါက နှမ်းဆီဈေးကွက်တစ်ခုကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သောနှမ်းများအားလုံးကို ပြည်တွင်းဆီဖူလုံရေးအတွက်သာ မစဉ်းစားဘဲ ပြည်ပသို့နှမ်းသီးနှံအနေဖြင့် တင်ပို့ခြင်းအပြင် ပြည်ပဈေးကွက်၊ နိုင်ငံတကာဈေးကွက်တွင် တင်ပို့ရောင်းချနိုင်သည့် နှမ်းဆီမွှေး၊ နှမ်းလှော်မှုန့် စသည့်တန်ဖိုးမြှင့်ထုတ်ကုန်များပါ ထုတ်လုပ်ပြီး ဈေးကွက်တိုးချဲ့နိုင်မည်ဆိုပါက ပြည်တွင်းနှမ်းဈေးလည်း မကျ၊ ပြည်တွင်း ဆီစက်များလည်း ကြိတ်ခွဲနိုင်ပြီး နိုင်ငံခြားငွေရရှိရန်အတွက်လည်း နည်းလမ်းများတိုးလာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းဇယားများ၊**
- **World Trade Map Websiteမှ အချက်အလက်များ**

## တို့လယ်သမား ပြည်ရွာအား

\- ကျေးတောရပ်ဆီ ခိုရပ်မှီ၍
ပြည်သူ့ဝမ်းစာ စားရိက္ခာတွက်
စိုက်ကာပျိုးကာ ကြိုးပမ်းရှာသော
အလှူလူသား လယ်သမားဟု
လေးစားခေါ်တွင် သူတို့လျှင်။
ရိုးသားဖြူစင် ကျေးဇူးရှင်။

\- ကိုလိုနီဖြစ် ဟိုတစ်ခေတ်ဝယ်
ဖြစ်ထွန်းသီးနှံ ဈေးနှိမ်ဒဏ်ကြောင့်
မခံရှုန်းထ တော်လှန်ကြချိန်
ရရာလက်နက် ကိုင်စွဲထွက်ခဲ့
ထက်မြက်သူများ လယ်သမား။
ဆရာစံနှင့် ခေါင်းဆောင်များ။

\- လွတ်လပ်ချိန်ခါ ယနေ့မှာလည်း
ပြည်ရွာအကျိုး စားရေတိုးဖို့
ကြိုးစားမပျက် စိုက်ပျိုးလျက်တည့်
စက်မှုစွမ်းပကား ထွန်ယက်အားဖြင့်
မနားမနေ ကြံဆောင်ဖွေ။
လုပ်သားတစ်တွေ များမိတ်ဆွေ။

\- သြော်...လယ်ယာလုပ်သား ဦးကြီးများ၏
တိုးပွားပညာ ဘဝသာအောင်
နည်းနာဖြန့်ဝေ ခေတ်မီစေ၍
ငွေကြေးရင်းနှီး ထုတ်ချေးပြီးလျှင်
စီးပွားကုန်ထုတ် စိုက်ပျိုးလုပ်ရန်
မယုတ်ခွန်အား ဖြည့်ဆည်းထားသည်
ထွန်းကားပြည်ရွာ သာစေရာ။
ချီတက်ကြမှာ တူမကွာ။
ကောင်းမြတ်မင်္ဂလာ အဖြာဖြာ။ ။

**ညွန့်ဝင်း(နတ်တလင်း)**

## နိုင်ငံတကာ သတင်းများ

# ရုရှားသမ္မတပူတင် မြောက်ကိုရီးယားထိပ်တန်း ခေါင်းဆောင်တစ်ဦးနှင့် မော်စကိုမြို့၌ တွေ့ဆုံ

ပြုံယမ်း မတ် ၁

ရုရှားသမ္မတ ပူတင်သည် ဖေဖော်ဝါရီ ၂၇ ရက်က မော်စကိုမြို့၌ မြောက်ကိုရီးယားထိပ်တန်း တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ကေစီအင်န်အေ သတင်းဌာန၏ သတင်းထုတ်ပြန်ချက်အရ ရုရှားသမ္မတပူတင်သည် ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီအတွင်းရေးမှူး ရီဟီယောင်းနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရီဟီယောင်းနှင့် တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် ရုရှားနိုင်ငံအပေါ်ထောက်ခံမှုပေးခဲ့သည့်အတွက် မြောက်ကိုရီးယားနိုင်ငံကို ကျေးဇူးတင်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

ယူကရိန်းစစ်ပွဲ စတင်ခဲ့ပြီးနောက် ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံကြား စစ်ရေး၊ နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခဲ့သည်။

အလားတူ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် သမ္မတပူတင်တို့ လက်မှတ်ရေးထိုးထားသော ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး စာချုပ်ကိုလည်း နှစ်နိုင်ငံလုံးက ပြီးခဲ့သည့် ဒီဇင်ဘာလက အတည်ပြုခဲ့သည်။

အဆိုပါ မိတ်ဖက်ဆက်ဆံရေး စာချုပ်ကို ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့က ပြီးခဲ့သည့်နှစ် ဇူလိုင်လက ပြုံယမ်းမြို့၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# အင်္ဂလိပ်ဘာသာကို တရားဝင်ဘာသာစကားအဖြစ်သတ်မှတ်မည့် အထူးအမိန့်ကို သမ္မတ ဒေါ်နယ်ထရန့် လက်မှတ်ထိုးမည်

နယူးယောက် မတ် ၁

အင်္ဂလိပ်ဘာသာ စကားကို အမေရိကန်နိုင်ငံ၏ တရားဝင်ဘာသာစကားအဖြစ် သတ်မှတ်မည့် အထူးအမိန့်ဒီကရီတစ်ရပ်ကို လက်မှတ်ရေးထိုးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကစီစဉ်ထားကြောင်း အမေရိကန်မီဒီယာများက ဖေဖော်ဝါရီ ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အင်္ဂလိပ်ဘာသာကို အမေရိကန်နိုင်ငံ၏ တရားဝင်ဘာသာစကားအဖြစ်သတ်မှတ်မည့်သမ္မတ ဒေါ်နယ်ထရန့်၏ အစီအစဉ်ကို အိမ်ဖြူတော် တာဝန်ရှိသူများကလည်း အတည်ပြုထားသည်။

အင်္ဂလိပ် ဘာသာစကားကို တရားဝင် ဘာသာစကားအဖြစ် သတ်မှတ်မည့် သမ္မတဒေါ်နယ်ထရန့်၏အစီအစဉ်သည် အမေရိကန်သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်ဖြစ်သည်။

သို့ရာတွင် အင်္ဂလိပ်ဘာသာစကားကို အမေရိကန်နိုင်ငံ၏ တရားဝင် ဘာသာစကားအဖြစ် သတ်မှတ်မည့် အထူးအမိန့်ဒီကရီကို သမ္မတဒေါ်နယ်ထရန့်က မည်သည့်အချိန်တွင် လက်မှတ်ရေးထိုးမည်ကို မသိရှိရသေးကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဖက်ဒရယ်အဆင့်တွင် တရားဝင်ဘာသာစကားသတ်မှတ်ထားခြင်းမရှိသေးကြောင်း၊ သို့ရာတွင် အမေရိကန်နိုင်ငံရှိ ပြည်နယ်ပေါင်း ၃၂ ခုတို့က အင်္ဂလိပ်ဘာသာကို ၎င်းတို့၏ တရားဝင် ဘာသာစကားအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# သမ္မတ ဒေါ်နယ်ထရန့်နှင့် သမ္မတ ဇီလန်စကီးတို့ အိမ်ဖြူတော် တွေ့ဆုံဆွေးနွေးပွဲ၌ စကားအချေအတင်ဖြစ်ပွား



နယူးယောက် မတ် ၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ယူကရိန်းသမ္မတဇီလန်စကီးတို့သည် ဖေဖော်ဝါရီ ၂၈ ရက်က အိမ်ဖြူတော်ရှိ ဘဲဥပုံရုံးခန်း၌ တွေ့ဆုံဆွေးနွေးစဉ် စကားအချေအတင်ဖြစ်ပွားခဲ့ပြီး ဆွေးနွေးပွဲမှာလည်း အဆုံးသတ်ခဲ့ရကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၈ ရက်ဆွေးနွေးပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၊ ဒုတိယသမ္မတ ဂျေဒီဗင့်စ်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့ ယူကရိန်းစစ်ပွဲနှင့်ပတ်သက်၍ နိုင်ငံတကာသတင်းမီဒီယာများ၏ ရှေ့၌ စကားအချေအတင်ဖြစ်ခဲ့ခြင်းဖြစ်သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးသည် ဖေဖော်ဝါရီ ၂၈ ရက် အိမ်ဖြူတော်ဆွေးနွေးပွဲကို ရုရှားသမ္မတပူတင်ဘက်မှ မရပ်တည်ရေးအတွက် အမေရိကန်အစိုးရအား စည်းရုံးနိုင်မည့် အခွင့်အရေးအဖြစ် မှတ်ယူထားသည်။

သို့ရာတွင် ဖေဖော်ဝါရီ ၂၈ ရက်ဆွေးနွေးပွဲတွင် သမ္မတဒေါ်နယ်ထရန့်နှင့် သမ္မတဇီလန်စကီးတို့ကြား စကားအချေအတင်ဖြစ်ပွားခဲ့မှုကြောင့် စစ်ပွဲကာလအရေးကြီးဆုံး မဟာမိတ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးမှာ ထိခိုက်သွားနိုင်ကြောင်း သိရသည်။

ယူကရိန်းသမ္မတ ဇီလန်စကီးအနေဖြင့် ဖေဖော်ဝါရီ ၂၈ ရက် ဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံကို မထီမဲ့မြင်ပြုလုပ်ခဲ့ကြောင်း အစည်းအဝေးအပြီးတွင် သမ္မတဒေါ်နယ်ထရန့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယခင်အမေရိကန်အစိုးရ၏ ယူကရိန်းစစ်ပွဲဆိုင်ရာ မူဝါဒကို ပြောင်းလဲခဲ့ပြီး ၎င်းစစ်ပွဲကို အဆုံးသတ်ရေးအတွက် ရုရှားအစိုးရနှင့် ထိတွေ့ဆက်ဆံလာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပါလက်စတိုင်းအရပ်သားများအရေးဆွေးနွေးရန် နိုင်ငံတကာညီလာခံတစ်ခု ကျင်းပမည်

ဂျေရုဆလင် မတ် ၁

အစ္စရေး သိမ်းပိုက်ထားသော ပါလက်စတိုင်း နယ်မြေများမှ အရပ်သားများ၏ အခြေအနေနှင့် ပတ်သက်၍ နိုင်ငံတကာညီလာခံတစ်ခုကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ဆွစ်ဇာလန်နိုင်ငံက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မတ် ၇ ရက်တွင်ကျင်းပမည့် အဆိုပါ နိုင်ငံတကာညီလာခံသို့ တက်ရောက်ရန် ဆွစ်ဇာလန်အစိုးရက ဂျီနီဗာကွန်ဗင်းရှင်း၌ ပါဝင်ထားသည့် နိုင်ငံပေါင်း ၁၉၉ နိုင်ငံကိုဖိတ်ထားကြောင်း သိရသည်။

ဇန်နဝါရီ ၁၉ ရက်တွင် အာဏာသက်ဝင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကြောင့် ၁၅ လကြာ ဂါဇာစစ်ပွဲ ယာယီရပ်တန့်ခဲ့ရသည်။

သို့ရာတွင် အစ္စရေးနိုင်ငံသည် ပြီးခဲ့သည့်သီတင်းပတ်များအတွင်း နိုင်ငံ၏အနောက်ဘက်ကမ်းဒေသရှိ ဒုက္ခသည်စခန်းများမှ ဒုက္ခသည်ထောင်ပေါင်းများစွာတို့ကို ရှင်းလင်းခဲ့ရာ အနောက်ဘက်ကမ်းဒေသကိုအစ္စရေးအချုပ်အခြာအောက် ထပ်မံသွတ်သွင်းမည့် အရေးကို နိုင်ငံတကာကစိုးရိမ်လျှက်ရှိသည်။

အနောက်ဘက်ကမ်း ဒေသသည် ၁၉၆၇ ခုနှစ် အာရပ်-အစ္စရေးစစ်ပွဲအတွင်း အစ္စရေးနိုင်ငံက သိမ်းပိုက်ခဲ့သည့် ပါလက်စတိုင်းနယ်မြေဖြစ်သည်။

သို့ဖြစ်ရာ အစ္စရေးသိမ်းပိုက်မှုအောက်ရှိ ပါလက်စတိုင်းနယ်မြေများမှ အရပ်သားများ၏ အခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာညီလာခံကို လက်ခံကျင်းပရန် ဆွစ်ဇာလန်နိုင်ငံက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နိုင်ငံတောင်ပိုင်း၌ ခရီးသည်တင် ကူးတို့ရေယာဉ်ကို ရေနံ့ကွက်များ ရှင်းလင်းရေးသင်္ဘောဝင်တိုက်မိရာ အနည်းဆုံး လူ ၁၁ ဦးသေဆုံး

ပေကျင်း မတ် ၁

တရုတ်နိုင်ငံတောင်ပိုင်း မြစ်တစ်စင်းအတွင်း ကူးတို့ရေယာဉ်ငယ်တစ်စီးကို ရေနံ့ကွက်များရှင်းလင်းရေး သင်္ဘောတစ်စီးက ဝင်တိုက်ခဲ့ရာ လူ ၁၁ ဦး သေဆုံးပြီး ငါးဦးမှာ ပျောက်ဆုံးနေကြောင်း တရုတ်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဟူနန်ပြည်နယ် ယွန်ရှီအမည်ရှိမြစ်တစ်စင်းတွင်း ဖြစ်ပွားခဲ့သည့် အဆိုပါ သင်္ဘောဝင်တိုက်မှုဖြစ်စဉ်အတွင်း ခရီးသည်တင်ကူးတို့ရေယာဉ်ပေါ်မှ လူပေါင်း ၁၉ ဦး ရေထဲပြုတ်ကျခဲ့ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။

ရေထဲသို့ ပြုတ်ကျခဲ့သူများအနက် ၁၁ ဦးမှာ သေဆုံး၍ ငါးဦးမှာ ပျောက်ဆုံးနေပြီး သုံးဦးကို ရှာဖွေကယ်ဆယ်ရေးသမားများက ကယ်တင်နိုင်ခဲ့သည်။

ခရီးသည်တင် ကူးတို့ရေယာဉ်ကို ရေနံ့ကွက်များရှင်းလင်းရေး သင်္ဘောက ဝင်တိုက်ခဲ့သည့်မြစ်ကြောင်းနေရာမှာ ပေ ၂၀၀ အနက်ရှိပြီး ပေ ၁၆၀၀ ကျယ်ဝန်းသည့်နေရာဖြစ်သည်။

ရေနံ့ကွက်များ ရှင်းလင်းရေး သင်္ဘောနှင့် ခရီးသည်တင်ကူးတို့ ရေယာဉ်ဝင်တိုက်မှုသည် ဖေဖော်ဝါရီ ၂၅ရက်တွင် ဖြစ်ပွားခဲ့သည်။


ခရီးသည်တင် ကူးတို့သင်္ဘောမှာနစ်မြုပ်ခဲ့ရာနေရာ၌ ရှာဖွေကယ်ဆယ်ရေးသမားများက ဖေဖော်ဝါရီ၂၈ရက်တွင် ပြန်လည်ဆယ်ယူ၍ရှာဖွေမှုများ ပြုလုပ်လျှက်ရှိကြောင်း သိရသည်။ Ref : Xinhua

Trs : KKO



# SCIENCE AND TECHNOLOGY

## ပရိုဂရက်စ်အမ်အက်စ်-၃၀ အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ ဖေဖော်ဝါရီ ၂၈ ရက်တွင် လွှတ်တင်ခဲ့



**မော်စကို မတ် ၁**

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်အမ်အက်စ်-၃၀ အမည်ရှိ အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်းသို့ ဖေဖော်ဝါရီ ၂၈ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ် အမ်အက်စ်- ၃၀ အာကာသ ကုန်တင်ယာဉ်ကို ဆိုယုဇ် ၂.၁ ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဆိုယုဇ်ဒုံးပျံသည် ပရိုဂရက်စ်အမ်အက်စ်-၃၀ အာကာသကုန်တင်ယာဉ်ကို ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ပရိုဂရက်စ်အမ်အက်စ်-၃၀ အာကာသ ကုန်တင်ယာဉ်သည် မတ် ၂ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ပရိုဂရက်စ်အမ်အက်စ်-၃၀ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြားပစ္စည်းများ စုစုပေါင်း အလေးချိန် ၂၅၉၉ ကီလိုဂရမ် သယ်ဆောင်ထားသည်။

ပရိုဂရက်စ်အမ်အက်စ်-၃၀ မစ်ရှင်သည် ရုရှားအာကာသ အေဂျင်စီအတွက် ၂၀၂၅ ခုနှစ်၏ ပထမဆုံး အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Intuitive Machines ကုမ္ပဏီ၏ အေသီနာလဆင်းယာဉ်က လွှတ်တင်ပြီးမကြာမီမှာပင် ကမ္ဘာဂြိုဟ်ကို ဓာတ်ပုံရိုက်ကူးခဲ့

**ဝါရှင်တန် မတ် ၁**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machines ကုမ္ပဏီ၏ အေသီနာ လဆင်းယာဉ်သည် လွှတ်တင်ပြီး မကြာမီမှာပင် ကမ္ဘာဂြိုဟ်ကို ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

Intuitive Machines ကုမ္ပဏီသည် အေသီနာလဆင်းယာဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် အေသီနာ လဆင်းယာဉ်သည် မြေပြင်စခန်းနှင့် အဆက်အသွယ်ပြုလုပ်ခဲ့ပြီး ကမ္ဘာဂြိုဟ်ကို ဓာတ်ပုံရိုက်ကူး၍ ပြန်လည်ပေးပို့ခဲ့ကြောင်း Intuitive Machines ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။



အေသီနာ လဆင်းယာဉ်သည် မတ် ၃ ရက်တွင် ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှုများပြုလုပ်၍ လပတ်လမ်းအတွင်း ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

လပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့ပါက မတ် ၆ ရက်တွင် အေသီနာလဆင်းယာဉ်သည် လကမ္ဘာပေါ်သို့ ဆင်းသက်ရန်ကြိုးစားမည်ဖြစ်ကြောင်း Intuitive Machines ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

Intuitive Machines ကုမ္ပဏီ၏ ပထမဆုံး လဆင်းယာဉ်ဖြစ်သော Odysseus လဆင်းယာဉ်သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့ဖူးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Blue Ghost လဆင်းယာဉ်က လမျက်နှာပြင်ပေါ်သို့မဆင်းသက်မီ လကမ္ဘာအခြားဘက်ခြမ်းကို ဓာတ်ပုံများ အနီးကပ်ရိုက်ကူး

**ဝါရှင်တန် မတ် ၁**

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ မဆင်းသက်မီ လကမ္ဘာအခြားဘက်ခြမ်းကို ဓာတ်ပုံများ အနီးကပ်ရိုက်ကူးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၈ ရက် သတင်းများအရ သိရသည်။

Blue Ghost လဆင်းယာဉ်သည် အဆိုပါဓာတ်ပုံများကို လမျက်နှာပြင်နှင့် ကီလိုမီတာ ၁၀၀ အကွာမှတစ်ဆင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု Firefly Aerospace ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် မတ် ၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် လပေါ်သို့ ဆင်းသက်ခဲ့ပြီးနောက် လမျက်နှာပြင်ဖြာထွက်ရောင်ခြည် ရိုက်ခတ်မှုအခြေအနေနှင့် လကမ္ဘာမြေစာများကို လေ့လာစူးစမ်းမည်ဖြစ်သည်။

Firefly Aerospace ကုမ္ပဏီသည် Blue Ghost လဆင်းယာဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Blue Ghost လဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ စူးစမ်းလေ့လာရေးစနစ် ၁၀ ခုကို သယ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## စိတ်ကျရောဂါဆေးများကြောင့် Dementia လူနာတချို့၌ မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှုမြန်နိုင်

**စတော့ဟုမ်း မတ် ၁**

စိတ်ကျရောဂါဆေးများကြောင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ခံစားနေရသူလူနာတချို့၌ မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှု မြန်ဆန်နိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ SSRIS (Selective Serotonin Reuptake Inhibitors) အုပ်စုဝင် စိတ်ကျရောဂါဆေးများ သုံးစွဲနေသည့် Dementia လူနာများ၏ မှတ်ဉာဏ်စွမ်းရည် ကျဆင်းမှုသည် အထက်ပါဆေး မသုံးသူများနှင့်နှိုင်းယှဉ်ပါက ပို၍မြန်ဆန်နေတတ်ကြောင်း သိရသည်။

ရောဂါအခြေအနေ တိုးလာချိန်တွင် ပေါ်လာတတ်သည့် စိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်း အပြောင်းအလဲများ ပြဿနာကို ဖြေရှင်းရေးအတွက် Dementia လူနာများသည် SSRIS ကဲ့သို့ စိတ်ကျရောဂါဆေးဝါးများ သုံးစွဲကြရသည်။

ဆွီဒင်နိုင်ငံ ကာရိုလင်စကီ အင်စတီကျုမှ သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၇၈ နှစ်ရှိသော Dementia လူနာ ၁၈၀၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသော ရလဒ်များအရ SSRIS အုပ်စုဝင်ဆေးများ သုံးစွဲနေကြသည့် Dementia လူနာများ၏ မှတ်ဉာဏ်စွမ်းရည် ကျဆင်းမှုအရှိန်သည် အထက်ပါဆေးမသုံးစွဲသူ Dementia လူနာများထက် ပို၍ မြန်ဆန်နေသည်ကို တွေ့ရကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## သွေးကျဲဆေးသုံးစွဲမှုရပ်ခဲ့သော သက်ကြီးပိုင်းများ၌ လေဖြတ်နိုင်ခြေနှင့်နှလုံးဖောက်နိုင်ခြေ မြင့်တက်နိုင်

**လန်ဒန် မတ် ၁**

သွေးကျဲဆေးသုံးစွဲမှု ရပ်တန့်ခဲ့သော သက်ကြီးပိုင်းလူနာများ၌ လေဖြတ်နိုင်ခြေနှင့် နှလုံးဖောက်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၂၈ ရက်တွင်ပြောကြားသည်။

Anticoagulants ခေါ် သွေးကျဲဆေးများသည် သွေးကြောများအတွင်း သွေးခဲများပေါ်ထွက်မှုကို တားဆီးပေးသည့်ဆေးများဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် Anticoagulants ဆေးများကြောင့် သက်ကြီးပိုင်းများအနေဖြင့် ထိခိုက်ဒဏ်ရာရခဲ့ပါက သွေးထွက်လွန်မှုပြဿနာရှိလာနိုင်သည်ဟူသော စိုးရိမ်စိတ်ကြောင့် ဆရာဝန်များက အသက် ၇၅ နှစ်အထက်ရှိသူများ ၎င်းဆေးများ သောက်သုံးရမည့်အချိန်ကာလကို ကန့်သတ်ပေးထားကြောင်း သိရသည်။

ပုံမှန်အားဖြင့် သက်ကြီးပိုင်းလူနာများအနေဖြင့် Anticoagu-lants ဆေးများကို သုံးလမှခြောက်လထိ သုံးစွဲပြီးပါက ဆေးသုံးစွဲမှုရပ်ထားရန် ဆရာဝန်များက ညွှန်ကြားလေ့ရှိကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းလူနာများအနေဖြင့် သွေးကျဲဆေးများ သောက်သုံးမှုကိုရပ်ခဲ့ပါက အကျိုးထက် အဆိုးပိုများပြီး အသက်အန္တရာယ်ရှိသည့် လေဖြတ်နိုင်ခြေနှင့် နှလုံးဖောက်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အရွတ်ဒဏ်ရာရရှိခဲ့သည့် ကွင်းလယ် ကစားသမားရိုဒရီ တစ်ဦးချင်းလေ့ကျင့်ခန်း ပြန်လုပ်နေဟု မန်စီးတီးအသင်းပြောကြား

**မန်ချက်စတာ မတ် ၁**

ကွင်းလယ်ကစားသမား ရိုဒရီသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလကရရှိခဲ့သည့် အရွတ်ထိခိုက်ဒဏ်ရာကြောင့် ဘောလုံးရာသီကုန်ထိအနားယူရမည်ဖြစ်ကြောင်း တရားဝင်ကြေညာထားသော်လည်း ယခုအခါ ဒဏ်ရာသက်သာလာသဖြင့် တစ်ဦးချင့်လေ့ကျင့်ခန်း ပြန်ဆင်းနေကြောင်း မန်စီးတီးအသင်းက ပြောကြားခဲ့သည်။

စက်တင်ဘာလက ကစားခဲ့သည့် အာဆင်နယ်အသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ရိုဒရီသည် ဒူးအရွတ် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ဒဏ်ရာ ပျောက်ကင်းရန်အတွက် ကာလကြာမြင့်မည်ဟု ထင်မှတ်ထားသော်လည်း ကစားသမားအနေဖြင့် ဒဏ်ရာအခြေအနေ တိုးတက်လာသဖြင့် ယခုရက်သတ္တပတ်မှစတင်ကာ အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် တစ်ဦးချင်းလေ့ကျင့်ခန်းများ ပြုလုပ်နေကြောင်း သိရသည်။

ရိုဒရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းကို ပရီးမီးယားလိဂ်ဆုဖလား ရယူပေးခဲ့သည့်အပြင် ယူရို ၂၀၂၄ တွင်လည်း စပိန်အသင်းကို ချန်ပီယံဆုရရှိအောင် အဓိကနေရာမှ ပါဝင်စွမ်းဆောင်နိုင်ခဲ့သဖြင့် ၂၀၂၄ ခုနှစ်အတွက်အကောင်းဆုံးကစားသမားဆုကိုရရှိခဲ့ပြီးနောက် ဒဏ်ရာပြဿနာနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ရိုဒရီပါဝင်နိုင်ခြင်းမရှိသည့် ပွဲစဉ်များတွင်အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လီဗာပူးအသင်းနှင့် ရမှတ် ၂၀ ထိပြတ်တောက်ခဲ့ပြီး ချန်ပီယံဆုကို ကာကွယ်နိုင်ရန် မဖြစ်နိုင်တော့သကဲ့သို့ ပြိုင်ပွဲစုံတွင်လည်း ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ကွာရာဘောင်းဖလား ပြိုင်ပွဲတို့မှ ထွက်ခွာခဲ့ရသည်။

အသက် ၂၈ နှစ်ရှိ ကစားသမားအနေဖြင့် လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နေသော်လည်း လာမည့် ဇွန် ၁၈ ရက်တွင်ကစားမည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကိုသာ ဝင်ရောက်ကစားနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Daily mail

Trs : ML



## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းသည် ဂိုးသမားအိုနာနာနေရာတွင် အစားထိုးရန်အတွက် ဘန်လေအသင်းဂိုးသမား ထရာ့ဖို့ဒ်ကို ပရီးမီးယားလိဂ်ပြိုင်ဘက် နယူးကာဆယ်အသင်းနှင့် အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- အာဆင်နယ်၊ စပါး၊ နာပိုလီနှင့် အေစီမီလန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့် တောင်ပံကစားသမား ဖာရန်တောရက်စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၃ သန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- စတုဂတ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၂၄ ပွဲအပြီးတွင် ဒုတိယနေရာမှ လေဗာကူဆင်အသင်းကို ရမှတ် ၁၁ မှတ်ထိ ဖြတ်တောက်၍ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း သိရသည်။

ML

# အဆန်စီယို၏ သွင်းဂိုးများဖြင့် အေဗီလာအသင်း အက်ဖ်အေဖလား ကွာတားအဆင့်တက်ရောက်



**လန်ဒန် မတ် ၁**

အက်ဖ်အေဖလားပြိုင်ပွဲ ပဥ္စမအဆင့်အဖြစ် အေဗီလာအသင်းနှင့် ချန်ပီယံရှစ်ကလပ် ကာဒစ်အသင်းတို့ကစားခဲ့ရာ အေဗီလာအသင်းက ကွင်းလယ်ကစားသမား အဆန်စီယို၏ သွင်းဂိုးများဖြင့် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နည်းပြအမ်ရီသည် တိုက်စစ်မှူးရက်ရှ်ဖို့ဒ်၊ အိုလီဝက်ကင်း၊ အဆန်စီယို စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့ရာ ကာဒစ်အသင်းကို ဖိအားပေး၍ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပထမပိုင်းတွင် ကာဒစ်အသင်း ခံစစ်ကစားပုံကောင်းမွန်မှုကြောင့် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းအရောက်တွင် ကာဒစ်အသင်း လူစားလဲမှုများပြုလုပ်၍ အေဗီလာအသင်းကို ပြန်လည်တုံ့ပြန်ရန်ကြိုးစားခဲ့သော်လည်း အေဗီလာအသင်း၏ ကစားကွက်ပိုင်းတည်ငြိမ်မှုက တိုက်စစ်ဆင်ရန် မဖြစ်နိုင်တော့ဘဲ အေဗီလာအသင်းကသာ ပွဲကစားချိန် ၆၈ မိနစ်နှင့် မိနစ် ၈၀ တို့တွင် အဆန်စီယို၏ ဦးဆောင်ဂိုးများဖြင့် နိုင်ပွဲရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အေဗီလာအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ၁၉၅၇ ခုနှစ်က နောက်ဆုံးအကြိမ်ဆုဖလား ရယူနိုင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်က ဗိုလ်လုပွဲစဉ်ထိ တက်ရောက်ခဲ့သော်လည်းအာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ယခုအခါ ဆယ်စုနှစ်တစ်ခုနီးပါအကြာမှ ကွာတားဖိုင်နယ်အဆင့်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Daily mail

Trs : ML

# Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ဂရိတင်းနစ်ကစားသမားစတီဖာနို့စ်တက်ရောက်

**ဒူဘိုင်း မတ် ၁**

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကျင်းပနေသည့် Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် ဂရိတင်းနစ်ကစားသမားစတီဖာနို့စ်နှင့် နယ်သာလန်တင်းနစ် ကစားသမားဂရစ်စပူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စတီဖာနို့စ်က (၆-၄ ၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။




စတီဖာနို့စ်သည် နှစ်ပွဲပြတ်ရလဒ်ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဂရစ်စပူသည် ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ကစားခဲ့သောပုံစံကောင်းများကို ပြသနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

မျက်ဒဗျက်အား အနိုင်ရခဲ့သောပွဲစဉ်တွင် ကစားနိုင်ခဲ့သောစွမ်းဆောင်ရည်မျိုးဖြင့်သာ ကစားနိုင်ပါကစတီဖာနို့စ်အားအကောင်းဆုံး ဖိအားပေးနိုင်မည်ဖြစ်သော်လည်း ပုံစံကောင်း ပျောက်ဆုံးခဲ့ခြင်းကြောင့် ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

စတီဖာနို့စ်က "ဆီမီးဖိုင်နယ်အဆင့်မှာအကြိတ်အနယ် ကစားသွားရမဲ့အခြေအနေနဲ့ ရှောင်လွှဲနိုင်ခဲ့တယ်။ ပြတ်သားတဲ့ရလဒ်တွေနဲ့ အနိုင်ရပြီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ပွဲအစကနေအဆုံးအထိ အမှားမရှိအောင် ကစားနိုင်ခဲ့ပြီးတော့ ဆီမီးဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က လယ်ဗယ်တစ်ခုမှာရှိနေခဲ့ပါတယ်။ ဒီပြိုင်ပွဲရဲ့ အဆင့်တိုင်းမှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်အပေါ်မှာလည်း အားရကျေနပ်မှုရှိခဲ့ပါတယ်။ ဖိုင်နယ်အဆင့်အတွက်လည်း အကောင်းဆုံးပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

စတီဖာနို့စ်သည် ဗိုလ်လုပွဲတွင် ကနေဒါတင်းနစ်ကစားသမားဖိလစ်အူကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီးဖိလစ်အူကာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား ကွင်တင်အား (၅-၇၊ ၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ချန်ပီယံလိဂ်ပြိုင်ပွဲ(၁၆)သင်း ရှုံးထွက်အဆင့်မှထွက်ခွာရလျှင်လည်း နည်းပြကွန်ပနီကို ဘိုင်ယန်မြူးနစ်အသင်း ဆက်လက်ထားရှိမည်

**ဘာလင် မတ် ၁**

ဘိုင်ယန်မြူးနစ်အသင်း တာဝန်ရှိသူများက လာမည့်ချန်ပီယံလိဂ်ပြိုင်ပွဲတွင်(၁၆)သင်းရှုံးထွက်အဆင့်မှထွက်ခွာခဲ့ရလျှင်လည်း နည်းပြကွန်ပနီကိုရာထူးမှ ထုတ်ပယ်မည်မဟုတ်ဘဲဆက်လက် တာဝန်ပေးအပ်ရန်အတွက် ဆုံးဖြတ်ခဲ့သည်။

အသက် ၃၈ နှစ်ရှိ နည်းပြကွန်ပနီသည် ဘိုင်ယန်မြူးနစ်အသင်းကို ယခုနှစ်ဘောလုံးရာသီတွင် စတင် တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် (၁၆)သင်းရှုံးထွက်အဆင့်သို့ တိုက်ရိုက်တက်ရောက်နိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း Play-off အဆင့်တွင် ဆဲလ်တစ်အသင်းကိုအနိုင်ရရှိခဲ့ပြီး (၁၆)သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် (၁၆)သင်းရှုံးထွက် အဆင့်တွင် ဒေသတွင်း ပြိုင်ဘက်အသင်းဖြစ်သည့် လေဗာကူဆင်အသင်းနှင့် တွေ့ဆုံနေပြီး လေဗာကူဆင်အသင်းကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရမည်ဆိုပါက နည်းပြကွန်ပနီအနေဖြင့် ရာသီအကုန်တွင်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရလိမ့်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းဘုတ်အဖွဲ့ဝင်များက ဆက်လက်တာဝန်ပေးအပ်ရန် အတွက်သာ ဆုံးဖြတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Bild

Trs : STA

# ဈေးကွက်အပြင် ဆေးဖက်ပါဝင်သော ဂရိတ်ဖရုနှင့် စိုက်ပျိုးထုတ်လုပ်မှုအလားအလာ

လွန်ခဲ့သောနှစ်များစွာက နယ်လှည့်သာသနာပြု ဘုန်းတော်ကြီးတစ်ဦးသည် ကချင်ပြည်နယ် ပူတာအို မြို့သို့ ရောက်ရှိသာသနာပြုချိန်တွင်ဒေသခံအများစု ခံစားနေကြရသည့် သွေးအားနည်းရောဂါကို သက်သာပျောက်ကင်းစေရန် ကနဦးစတင်စိုက်ပျိုး ပေးခဲ့သော ဂရိတ်ဖရု(Grape Fruit)သီးနှံသည် နန်းယွန်းမြို့နယ်မှတစ်ဆင့် ခန္တီးမြို့နယ်သို့ ပျံ့နှံ့လာ ပြီး ယခုအခါ ခန္တီးခရိုင်တွင် ဈေးကွက်ဝင်အမည်သစ် သီးနှံအဖြစ် အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းလျက်ရှိ သည်။ ဂရိတ်ဖရုသည် ရှောက်သံပရာ(Citrus) မျိုးနွယ်ဝင်သစ်သီးပင်တစ်မျိုးဖြစ်ပြီး ရုက္ခဗေဒ အမည်မှာ(Citrus Paradisi)ဖြစ်သည်။ မူရင်းထွက်ရှိ သောဒေသမှာ ကျွန်းစုနိုင်ငံတစ်ခုဖြစ်သည့် ဘာဘေ ဒိုစ့်(Barbados)နိုင်ငံမှဖြစ်သည်ဟု လေ့လာသိရှိခဲ့ရ သော ဂရိတ်ဖရုသစ်သီးများမှာ ဥတုသုံးပါးစလုံးတွင် အစွန်းရောက်မိုးလေဝသရှိသည့် ခန္တီးဒေသတွင် အောင်မြင်ဖြစ်ထွန်း စိုက်ပျိုးထုတ်လုပ်နေသည်မှာ လွန်ခဲ့သော နှစ် ၃၀ ခန့်ကပင်ဖြစ်သည်ဟု ဒေသခံ များ၏ ပြောကြားချက်အရ သိရသည်။

ဂရိတ်ဖရုသီးတွင် အတွင်းသားအရောင်အလိုက် အနီရောင်ဂရိတ်ဖရုသီး၊ ပန်းရောင်ဂရိတ်ဖရုသီးနှင့် အဖြူရောင်ဂရိတ်ဖရုသီးဟူ၍ သုံးမျိုးရှိသည့်အနက် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးဒေသတွင် စိုက်ပျိုးထုတ် လုပ်လျက်ရှိသည့်အမျိုးအစားမှာ အတွင်းသားအဖြူ ရောင်ဂရိတ်ဖရုသီးဖြစ်သည်။ အပင်အမြင့်မှာ ၁၀ ပေ မှ ၂၅ ပေခန့်မြင့်မားပြီး အမြဲစိမ်းပင်အမျိုးအစားဖြစ် သည်။ မျိုးစေ့မှ တိုက်ရိုက်စိုက်သော ဂရိတ်ဖရုပင် သည် စိုက်ပျိုးပြီး ခြောက်နှစ်မှ ခုနစ်နှစ်အကြာတွင် မှသာ အသီးစတင်ခူးဆွတ်နိုင်သည်။ အစေ့စိုက်အပင် တွင် အလုံးသေးပြီး အသီးအရေအတွက်များသည်။ ပင်ပိုင်းဆိုင်ရာ မျိုးပွားနည်းများဖြစ်သည့် အဖူးမြှုပ် ခြင်း၊ ကိုင်းကူးခြင်း၊ ကိုင်းဆက်ခြင်း၊ မြေထုပ်စည်း ခြင်း စသည့်နည်းစနစ်များဖြင့် မျိုးပွားစိုက်ပျိုးထား သောဂရိတ်ဖရုပင်များသည် လေး၊ ငါးနှစ်သားတွင် အသီးစတင်ခူးဆွတ်နိုင်ပြီး သီးလုံးအရွယ်အစား ကြီးကာ အရေအတွက်တွင်မူ အစေ့စိုက်အပင်ထက် လျော့နည်းသည်ကို တွေ့ရှိရသည်။ ရှောက်သံပရာ မျိုးနွယ်ဝင်အပင်ဖြစ်သည့်အတွက် ပင်စည်နှင့် အကိုင်းအခက်အလက်များတွင် ဆူးပါရှိသည်။ ဖေဖော်ဝါရီလတွင် ပန်းပွင့်ပြီး ခုနစ်လအကြာ စက်တင်ဘာလမှစတင်၍ ဖေဖော်ဝါရီလကုန်ခန့်ထိ ခူးဆွတ်နိုင်သည်။ တစ်ပင်လျှင် ပျမ်းမျှအလုံးရေ ၃၀၀ ခန့် နှစ်စဉ်ခူးဆွတ်နိုင်သည်။ အသီးလှိုင်လှိုင်ပေါ်ချိန် တွင် ဂရိတ်ဖရုသီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ ခန့် ပေါက်ဈေးရှိပြီး အသီးမပေါ်ချိန်တွင် တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ ခန့် ရောင်းချနိုင်ကြသည်။ ခန္တီးဒေသရှိ ဂရိတ်ဖရုသီး၏ အားသာချက်တစ်ခုမှာ ခူးဆွတ်ပြီး အနာအဆာကင်းစင်သော ဂရိတ်ဖရုသီး များကို သတင်းစာနှင့်ထုပ်၍ အိတ်အတွင်းထည့်ကာ အရိပ်အတွင်းသိုလှောင်လျှင် နှစ်ပေါက်သည်ထိ သိုလှောင်နိုင်ခြင်းဖြစ်သည်။ ဈေးကွက်အနေဖြင့် ဒေသတွင်းဈေးကွက်အပြင် မုံရွာ၊ မန္တလေးဈေးကွက် များသို့လည်း ပို့ဆောင်ရောင်းချလျက်ရှိကြသည်။ ထို့ကြောင့်လည်း ဂရိတ်ဖရုသီးသည် ခန္တီးဒေသရှိ ဂရိတ်ဖရုစိုက်တောင်သူများ၏ မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးလျက်ရှိသည်ကို တွေ့ရသည်။



ခန္တီးဒေသရှိ ဂရိတ်ဖရုသီးသည် လိမ္မော်သီး ခပ်ကြီးကြီးခန့်အရွယ်အစားရှိသည်။ သို့သော် လိမ္မော်သီးကဲ့သို့လည်း မချို၊ သံပရာသီးကဲ့သို့လည်း ချဉ်သည့်အရသာမရှိ။ သူ၏အရသာသည် ထူးခြား သည်။ အချိုဓာတ်လည်းပါသည်။ အချဉ်ဓာတ်လည်း ပါသည်။ အငန်ဓာတ်လည်းပါသည်။ အခါးဓာတ် လည်းပါသေးသည်။ အရသာတစ်ခုခုတွင် ထူးကဲ သည်မရှိ သမမျှတသည်။ လိမ္မော်သီးကဲ့သို့လည်း အမြှောင်းလိုက်စားသုံးနိုင်သည်။ ဆေးဖက်ဝင်ဂရိတ် ဖရုဟု ရေးသားရခြင်းမှာ သွေးအားထိန်းညှိရာတွင် အလွန်အသုံးဝင်သည်။ သွေးအားနည်းလျှင် ဂရိတ်ဖရု အရည်ကို ရေသန့်သန့်တွင် ဆားဖြင့်ဖျော်သောက်နိုင် သည်။ သွေးအားများလျှင် သကြားဖြင့် ဖျော်သောက် ကြသည်။ ချောင်းဆိုးလျှင် ဂရိတ်ဖရုအလုံးကို ထိပ် ဖြတ်အူတိုင်ဖြုတ်၍ အတွင်းသားများကို ဇွန်းဖြင့်မွှေ ပြီးဆား အနည်းငယ်ထည့်ကာ ထွက်လာသည့်အရည် များကိုစားသုံးခြင်းဖြင့် ပျောက်ကင်းနိုင်သည်ကို လည်း တွေ့ရှိရသည်။ ဝိတ်ထိန်းလိုသူများအတွက် လည်း ကယ်လိုရီလျှော့ချရာတွင် အသုံးဝင်သော သစ်သီးတစ်မျိုးဖြစ်သည်။ ကိုယ်ခံအားကိုလည်း တိုးမြှင့်ပေးစေနိုင်သည်ဟု ဒေသခံများက ယုံကြည် ကြသည်။ အထက်ပါအချက်များကြောင့်ဆေးဖက်ဝင် ဂရိတ်ဖရုသီးဟု တင်စားရခြင်းဖြစ်သည်။ ဂရိတ်ဖရု သီးတွင်(ဗီတာမင်-စီ)ကြွယ်ဝသည်ဟု စိုက်ပျိုးရေး သမားတစ်ဦးအနေဖြင့် အကြမ်းဖျင်းသိရှိနိုင်သော် လည်း မည်သည့်ဗီတာမင်ဓာတ်များ၊ မည်သည့် အာဟာရဓာတ်များ၊ မည်သည့်အကျိုးပြုဓာတ်များ ပါဝင်သည်များကို အသေးစိတ်သိရှိနိုင်ရန် ဓာတ်ခွဲ ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်သွားကြရဦးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ခန္တီးဒေသ၌ ဂရိတ်ဖရုသီး အလုံးလိုက်သာ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးရောင်း ချလျက်ရှိပြီး ဆက်စပ်ထုတ်ကုန်အနေဖြင့် ထုတ်လုပ် နိုင်သည်မှာ မရှိသလောက်နည်းပါးသည်။ မိသားစု သောက်သုံးရန်အတွက်ပြုလုပ်ထားသည့် ဂရိတ်ဖရု ဝိုင်အနည်းအကျဉ်းကို ကျေးရွာတချို့တွင် ကွင်းဆင်း ချိန် မြည်းစမ်းခဲ့ဖူးသည်။ ကျေးရွာအဆင့်ဝိုင်နှင့် ကိုက်ညီသောအရည်အသွေးရှိသည်။ တန်ဖိုးရှိ သစ်သီးမှတန်ဖိုးမြှင့်ထုတ်ကုန်များ မထုတ်လုပ်နိုင် သည်မှာ နှမြောစရာကောင်းလှသည်။ စနစ်တကျ ပေါင်းခံခြင်း၊ အခြောက်ခံခြင်း၊ အရသာရောစပ်ခြင်း၊ ကျိုချက်ခြင်း၊ ပိုးသတ်ခြင်း၊ တာရှည်ခံထိန်းသိမ်းခြင်း စသည့်လုပ်ငန်းစဉ်များအဆင့်ဆင့်ကို သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းဌာနများက သင်ကြားနည်း ပညာပေးဆောင်ရွက်နိုင်လျှင် ဂရိတ်ဖရုဝိုင်များ၊ ဂရိတ်ဖရုဖျော်ရည်များ၊ ဂရိတ်ဖရုယိုများ၊ ဂရိတ်ဖရု သရေစာများ စသည့်တန်ဖိုးမြှင့်ထုတ်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ တစ်ဆင့်တက်၍မျှော်မှန်းလျှင် ဂရိတ်ဖရုစစ်ထုတ် ရည်များကို အဆင့်မြင့်ကုန်ထုတ်ဖုန်များရှိသည့် ဒေသများသို့ယူဆောင်၍ နိုင်ငံတကာအဆင့်မီအရည် အသွေးဖြင့် အားကစားသမားများအတွက်သော် လည်းကောင်း၊ ကလေးငယ်များအတွက်သော်လည်း ကောင်း၊ သက်ကြီးရွယ်အိုများအတွက်သော်လည်း ကောင်း၊ ဆီးချိုသမားများအတွက်သော်လည်း ကောင်း သကြားပါဝင်မှုအမျိုးမျိုးဖြင့် အဖျော်ရည်များ ကို စနစ်တကျထုပ်ပိုးပြီး ဖြန့်ဖြူးပါက နိုင်ငံတွင်း၌ သာမက နိုင်ငံခြားဝင်ငွေများပါ ရှာဖွေလာနိုင်သည်။ နောင်တစ်ချိန် မြန်မာပြည်ထုတ် ပေါ်ကာရီဆွက် (Pocari Sweat)ဖြစ်လာမည်ဟုပင် စာရေးသူ ယူဆမိသည်။ ဂရိတ်ဖရုဝိုင်လည်း ထိုနည်းတူစွာ ဖြစ်သည်။ သို့သော် ခန္တီးဒေသသည် လမ်းပန်း ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းရေး စိန်ခေါ်မှုများ ရှိနေသည်။

မိမိတာဝန်ထမ်းဆောင်နေသော ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း ခရိုင်ဦးစီးမှူး ၏ ဦးဆောင်မှုဖြင့် ဒေသတွင်းဂရိတ်ဖရုစိုက်ဧက တိုးတက်ရေး၊ အခြားတောင်သူများစိတ်ဝင်စားမှု မြင့်မားပြီး ပါဝင်စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အထွက် နှုန်းနှင့် အရည်အသွေးတိုးတက်မြင့်မားရေး၊ ဂရိတ် ဖရုပင်များကို စနစ်တကျပြုစုထိန်းသိမ်းရေးတို့ကို စဉ်ဆက်မပြတ်ပညာပေးဆောင်ရွက်လျက်ရှိသည်။

ဒေသအာဏာပိုင်များအနေဖြင့်လည်း ဈေးကွက် ဝင်ရုံသာမက ဆေးဖက်ပါဝင်သော ဂရိတ်ဖရုသီး၏ ဈေးကွက်များ ကျယ်ပြန့်လာစေရန်အတွက်လည်း ကောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ် လုပ်နိုင်ရန်အတွက်လည်းကောင်း၊ ဂရိတ်ဖရုနှင့် ပတ်သက်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက်လည်းကောင်း၊ ဂရိတ်ဖရုသီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် အတွက်လည်းကောင်း အသေးစားချေးငွေများ ခွင့်ပြုပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ပေးခြင်း၊ အသေးစားစက်မှုလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင် ရွက်ပေးသင့်ကြောင်း တင်ပြလိုပါသည်။

အချုပ်အားဖြင့်ဆိုသော် အဘက်ဘက်မှအသုံးဝင် သော အကျိုးပြုနိုင်စွမ်းများပြားလှသည့် သစ်သီးဖြစ် သဖြင့် ကျယ်ပြန့်စွာတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင် ရန်အတွက်သာမက စာဖတ်သူများလည်း ဆေးစွမ်း ကောင်းတစ်လက်ကို သိသူဖော်စားနိုင်ရန်အတွက် ရည်စိတ်သန်လျက် "ဈေးကွက်အပြင် ဆေးဖက်ပါ ဝင်သော ဂရိတ်ဖရုနှင့် စိုက်ပျိုးထုတ်လုပ်မှုအလား အလာ"ဟူသောဆောင်းပါးကို ရေးသားတင်ပြလိုက် ရပါသည်။

**ဝင်းကျော်ကျော်ထွန်း(ခန္တီးမြေ)**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း အုန်းသီးအနု အလုံးရေ ၆၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီ လအတွင်း ဒေသထွက်အုန်းသီးအနုအလုံး ရေ ၆၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း ညောင်တုန်းမြို့နယ် အုန်းသီး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ ဇန်နဝါရီလအတွင်း အုန်းသီးအနု အလုံးရေ ၅၀၀၀၀၀ သာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက် ၂၈ ရက်ထိ အုန်းသီးအနု အလုံးရေ ၆၅၀၀၀၀ ထိ တင် ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၈၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ထွက်ရှိ တဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေး ကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါ တယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာလဲ အုန်းသီးအနုတွေ ဝယ်ယူမှုအားကောင်းခဲ့ ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာ လဲ အုန်းသီးအနုတွေ ဝယ်ယူမှုအားကောင်း နေပါတယ်။ ပွဲရုံပိုင်ရှင်တွေက အုန်းစိုက် ပျိုးတဲ့တောင်သူတွေဆီကနေ အုန်းသီး တွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ"ဟု ညောင် တုန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ရောင်း ချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်း စိုက်ပျိုးသူများ၊ ကုန်ထမ်းလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ် အကိုင်အခွင့်အလမ်း အဆင်ပြေနေ ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရွှေတိဂုံစေတီတော်ကြီး၏ ၂၆၁၃ နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်



**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိရွှေတိဂုံစေတီတော်ကြီး၏ ၂၆၁၃ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကြီးကို မတ် ၄ ရက်မှ စတင်ကာ မတ် ၁၃ ရက်နေ့ထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်း ဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ ရွှေတိဂုံစေတီတော်ကြီး၏ ၂၆၁၂ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကာလအတွင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့မှကြီးမှူး၍ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဖြင့် ပူဇော်ခြင်းအရပ်ရပ်ကို စီစဉ်ဆောင်ရွက်မည်ဖြစ်ကာ ရဟန်းရှင်လူပြည်သူများ စုပေါင်းပါဝင်လှူဒါန်းသော အလှူတော်အနေဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ကျင်းပမဲ့ ရွှေတိဂုံစေတီတော်ရဲ့ ၂၆၁၃ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်မှာ အသံမစဲမဟာပဋ္ဌာန်းပွဲကိုလဲ ကျင်းပမှာဖြစ်ပါတယ်။ ဒါပြင် နှစ်ကျိပ်ရှစ်ဆူဘုရားတွေကို လှည့်လည် အပူဇော်ခံတာ၊ဩဝါဒါစရိယဆရာတော်ကြီးတွေအပါအဝင် ပင့်သံဃာအပါး ၁၀၀ ကျော်ကို ဆွမ်းဆန်စိမ်းလောင်းလှူတာတွေလဲ စီစဉ်ဆောင်ရွက်မှာပါ" ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပက အဖွဲ့ဝင် ဦးဌေးလှိုင်က ပြောပြသည်။

ရွှေတိဂုံစေတီတော်ကြီး၏ ၂၆၁၃ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများကို စေတီတော်ပတ်လည်လှည့်လည်အပူဇော်ခံခြင်း၊ ဒဂုံမြို့နယ်နှင့် ဗဟန်းမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များက မတ် ၄ ရက်မှ မတ် ၁၃ ရက်ထိ သံဃာတော်အပါး ၁၂၀ တို့က အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ကြမည်ဖြစ်ကာ မတ် ၁၃ ရက် (တပေါင်းလပြည့်နေ့) တွင် ရင်ပြင်တော်အောင်မြေ၌ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်း၊ ချမ်းသာကြီးတန်ဆောင်း၌ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ပိတ်ပွဲ (အောင်ပွဲ)နှင့် ရေစက်ချအခမ်းအနားပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ASH

# တေးသံရှင်မေခလာ တေးဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ်ရှိ 225 Entertainment Lounge Bar တွင် ပြုလုပ်မည်

**ရန်ကုန် မတ် ၁**

တေးသံရှင်မေခလာ၏ တေးဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ်ရှိ 225 Entertainment Lounge Bar တွင် မတ် ၇ ရက်တွင် အဆိုပါ 225 Entertainment Lounge Bar ၏ 1st Anniversary အထိမ်းအမှတ်အဖြစ် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင်မေခလာထံမှ သိရသည်။

တေးသံရှင်မေခလာ၏ သီဆိုဖျော်ဖြေမှုများကို The Fly Machine Music Band က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

" မတ် ၇ ရက်ညမှာ 225 Entertainment Lounge Bar ရဲ့ 1st




Anniversary အထိမ်းအမှတ်အဖြစ်ပြုလုပ်တဲ့ တေးဂီတဖျော်ဖြေပွဲမှာ ချစ်ငယ် ဖျော်ဖြေတင်ဆက်ပေးဖို့ရှိပါတယ်။ ချစ်ငယ်နဲ့အတူ 225 Entertainment Lounge Bar ရဲ့ပင်တိုင်အဆိုရှင်တွေလဲ အားဖြည့်ပံ့ပိုးသီဆိုပေးကြမှာမို့ ပျော်စရာကောင်းတဲ့ညတစ်ညကို အတူဖြတ်သန်းကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင်မေခလာက ပြောပြသည်။

တေးသံရှင်မေခလာ၏တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို 225 Entertainment Lounge Bar တွင် မတ် ၇ ရက် ညနေ ၆ နာရီမှ စတင် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Miss Yangon 2025 အလှမယ်ပြိုင်ပွဲကို မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ MCC တွင် ကျင်းပသွားမည်ဖြစ်

**ရန်ကုန် မတ် ၁**

Miss Yangon 2025 အလှမယ်ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ MCC ခန်းမတွင် မတ် ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ သိရသည်။

အဆိုပါပြိုင်ပွဲကို ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးအောင်ဝင်းသိန်းထံမှ သိရသည်။

"၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အနေနဲ့ Miss Yangon 2025 ပြိုင်ပွဲကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်မှာရှိတဲ့ MCC ခန်းမမှာ လာမဲ့ မတ် ၇ ရက်နေ့ မနက် ၉ နာရီအချိန်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အလှမယ်တွေကို လျှောက်လွှာခေါ်ယူထားပါတယ်"ဟု ဦးအောင်ဝင်းသိန်းက ပြောပြသည်။

အဆိုပါ Miss Yangon 2025 အလှမယ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အိမ်ထောင်မကျဖူးသူ အပျိုဖြစ်ရမည်ဖြစ်ပြီး အရပ်အမြင့် အနိမ့်ဆုံး ၅ ပေ ၄ လက်မ ရှိရမည်ဖြစ်ကြောင်း ကိုယ်အလေးချိန်ပေါင် ၁၂၀ နှင့် ၁၆၀ ကြားရှိရန် သတ်မှတ်ထားပြီး အသက် ၁၈ နှစ်မှ ၂၈ နှစ်အတွင်း၊ ပညာအရည်အချင်း အနည်းဆုံး အထက်တန်းအဆင့် အောင်မြင်ရန် လိုကြောင်းနှင့် ကူးစက်ရောဂါမရှိသူ၊ ပြစ်မှုမှတ်တမ်းကင်းစင်သူ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

ASH

# Perschool ဟာသဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျို့ဒူဘာမဲ ရိုက်ကူးမည်

**နယူးယောက် မတ် ၁**

Preschool အမည်ရှိ ဟာသဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျို့ဒူဘာမဲ တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်သတင်းများအရ သိရသည်။

ဒါရိုက်တာဂျို့ဒူဘာမဲသည် Preschool ဇာတ်ကားကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည့်အပြင် ကိုယ်တိုင်လည်းပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Preschool ဇာတ်ကား၌ မင်းသားမိုက်ကယ်ဆိုချာ၊ မင်းသမီးအန်ဆိုနီရာသောမတ်နှင့် ချာရသီဝိတ်ဖီးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဖခင်နှစ်ဦးက ၎င်းတို့ရင်သွေးများကို အကောင်းဆုံးမူကြိုကျောင်း၌ အပ်နှံရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းကြပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရစ်ချက်ဒီအိုဗီဒီယိုက ရေးသားပေးထားသည်။

Preschool ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဗြိတိန်နိုင်ငံလန်ဒန်မြို့၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Bear Country လျှို့ဝှက်သည်းဖို ဇာတ်ကား၌ မင်းသမီးထရီဆာပယ်မာပါဝင်လာ

**နယူးယောက် မတ် ၁**

Bear Country လျှို့ဝှက်သည်းဖိုဇာတ်ကား၌ Warm Bodies မင်းသမီး ထရီဆာပယ်မာပါဝင်လာကြောင်း ဖေဖော်ဝါရီ ၂၈ ရက်သတင်းများအရ သိရသည်။

Bear Country ဇာတ်ကားတွင် ထရီဆာပယ်မာသည် မင်းသားကြီးရပ်ဆဲခရိုး၊ မင်းသမီးနီနာဒိုဘရက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Bear Country ဇာတ်ကားသည် မူးယစ်ဂိုဏ်းတစ်ဂိုဏ်း၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ခဲ့ရသောအမျိုးသားတစ်ဦး၏ လှုပ်ရှားရုန်းကန်မှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကား ဖြစ်သည်။

Bear Country ဇာတ်ကားကို ဒါရိုက်တာဒါးရစ်ဘော်တီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းစာရေးဆရာ ဘေမတ်ပယ်ရီ၏ Strip ဝတ္ထုကိုအခြေခံ၍ ဇာတ်ညွှန်းရေးဆရာ ဒန်နီယယ်ဖော်တီက ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် Bear Country ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းများကို ဩစတြေးလျနိုင်ငံ၌ စတင်နေပြီဖြစ်သည်။

Bear Country ဇာတ်ကား ရုံတင်ပြသမည့်နေ့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the Peasant's Day (2 March 2025)

**Esteemed peasants,**

I frankly extended my greetings with best wishes for farmers nationwide to be auspicious with physical and mental well-being on the 63rd Anniversary of Peasants' Day of the Republic of the Union of Myanmar which falls on 2 March 2025.

I especially take pride in the endeavours and performances of farmers engaged in agriculture and livestock breeding, as they play a pivotal role in ensuring food security for the ethnic people. Therefore, I would like to pray for the economic growth of farmers along with the nation's surging agricultural and livestock industries.

The State Administration Council is implementing the Five-Point Roadmap. Of them, "Continued efforts will be made to promote the state economy and enhance the socioeconomic situation of all people through expediting manufacturing businesses rooted in agriculture and livestock to benefit the entire National" is one of the five points of Roadmap. To ensure national prosperity and food security, efforts are being made to develop the agriculture and livestock sectors using modern techniques, promote MSME industries to enhance exports, and increase the yield of oil crops to achieve self-sufficiency and enable exports. These three key economic objectives have been set, and both short-term and long-term plans are being formulated and implemented accordingly.

The key requirement for the socio-economic development of farmers is increasing crop yields. Therefore, the government is prioritizing efforts to achieve target production rates for crops. In implementing these efforts, various measures are being taken, including the use of high-quality and pure seeds, systematic land improvement, proper and timely application of chemical and organic fertilizers to enhance soil fertility, ensuring adequate irrigation, and adopting proper cultivation techniques. These efforts collectively follow the "Four Key Factors" approach—seeds, soil, water, and technique—to ensure comprehensive and effective agricultural development. To further increase crop production and maximize yields, intercropping and multiple cropping systems, such as double and triple cropping, are being implemented based on regional and seasonal conditions.

Striving to achieve target goals for crops grown in currently cultivated farmland, and working towards doubling or tripling yields will not only increase farmers' income but also contribute to national economic growth.

To ensure that senior farmers can easily access and cultivate high-quality, pure seeds, extensive seed production initiatives are being implemented. In addition to establishing special seed production zones, annual seed exhibitions are also held to facilitate research on high-quality, pure seeds and yield improvement.

To prevent the degradation and loss of essential soil for crop cultivation, it is necessary to adopt various farming methods. These include using a combination of chemical and natural fertilizers, planting cover crops, growing windbreak trees, practicing crop rotation, implementing terrace farming in hilly regions, utilizing contour farming techniques, and adopting agroforestry systems that integrate crops with trees. Additionally, to enhance soil fertility, the use of natural fertilizers such as manure (cow and chicken dung), EM Bokashi compost, fish amino acids, and green fertilizers like water hyacinths should be encouraged. Other soil improvement techniques, such as planting green manure crops and incorporating them into the soil, are also being promoted.

Not only is this being carried out, but in order to ensure that farmers have access to high-quality and fairly priced agricultural inputs, fertilizers, seeds, and pesticides are regulated through laws and regulations. Moreover, the government, private businesses, and organizations are collaborating to implement these efforts. Furthermore, support is being provided through the national economic development fund in coordination with input supply companies.

The irrigation system plays a crucial role in ensuring the success of crop cultivation and the development of rural areas. Therefore, the national government is prioritizing investments in irrigation projects. Across Myanmar, a total of 880 irrigation structures have been implemented, including 246 dams, 144 diversion dams, 72 lakes, 199 sluice gates, and 219 water pumping stations. These projects currently benefit over 3.1 million acres of cultivated land. Additionally, in areas facing water scarcity, 25,769 tube-wells have been drilled to utilize underground water resources, and underground water storage dams are being constructed. Furthermore, solar-powered water pumping systems are being installed in temporary weirs to provide irrigation water. To mitigate flooding and prevent seawater intrusion, flood protection embankments and saltwater barriers are being built. Other efforts include dredging canals, streams, riverbanks, and drainage channels to improve water management.

Agricultural knowledge dissemination is being carried out through various methods to ensure that research findings, modern technologies, high-quality seeds, pure strains, and effective farming techniques are accepted and adopted by farmers. Multiple approaches are being used to provide agricultural education, including broadcasting through the "Farmers' Channel," the "Agricultural Knowledge" programme on Myawady TV, and the "Agricultural Technology Knowledge Programme" on Myanmar Radio. Furthermore, information is being shared in ethnic languages and through journals and newspapers such as Doh Kyay Ywa Journal. Furthermore, the use of the internet enables real-time access to agricultural technologies and information, allowing farmers to easily learn about the farming techniques they need.

I would like to emphasize the importance of making efforts to reduce the import of palm oil, ensuring sufficient domestic production and consumption of healthier edible oils. To achieve this, it is essential to cultivate and produce oilseed crops such as peanuts, sesame, and sunflowers as planned and to strive for the targeted yield.

The raw cotton produced from our country's agricultural sector is sufficient for domestic consumption. However, we are still importing yarn from abroad. To reduce imports of yarn, yarn-based products, and garments while meeting domestic demand with high-quality local production, special cotton cultivation zones are being established. These zones aim to achieve a yield of 700 viss per acre and produce high-quality cotton and lint. To manufacture quality yarn and textiles from locally produced cotton, efforts are being made to upgrade cotton-related industries, including ginning mills, spinning mills, and textile factories. In addition, support is being provided to develop cotton-based industries and MSMEs (Micro-, Small-, and Medium-sized Enterprises). It is encouraged that domestic textile needs be sufficiently met with locally grown cotton and that citizens prioritize using locally made garments.

With regard to the private sector, MSME businesses involved in the production of various food products such as rice, corn, oilseed crops, legumes, vegetables, and fruits can add value by processing and manufacturing these goods. Moreover, industries producing raw materials like coffee, rubber, bamboo, rattan, medicinal herbs, and palm oil can enhance their output. Through the efforts of private entrepreneurs, high-value products can be produced, enabling efficient production and sale in the market, which will increase farmers' incomes and improve their living standards.

The government is actively fulfilling the necessary human resource requirements to support the development of the agricultural sector and promote agricultural activities. In this regard, 15 agricultural and livestock Institutes have been established and are being operated. These institutions have produced skilled professionals in the mid-level agricultural and livestock sector. In collaboration with Basic Education High Schools, vocational training programmes in agriculture and livestock are being offered. Starting from the 2023-2024 academic year, vocational schools in agriculture and livestock were opened, and currently, a total of 85 schools have been established.

**Esteemed peasants,**

Since agriculture is closely related to livestock farming, I would like to emphasize the importance of promoting livestock development. The production and breeding of animals such as cattle, fish, milk, chicken eggs, duck eggs, and quail eggs, which provide essential nutrients, is crucial for ensuring the people's nutritional needs. It is essential for the nation to support the expansion of livestock industries, including the breeding of dairy cows, beef cattle, and the development of high-yielding, quality breeds. The establishment of livestock zones for the production of cows, pigs, chickens, ducks, goats, and sheep, along with the support for the production of high-quality milk and dairy products, is a key part of these efforts.

Through the combination of agriculture and animal husbandry, the aim is to improve the social and economic lives of rural communities by establishing emerald green (livestock) villages and ensuring success. This includes distributing high-quality, resilient cattle breeds that can withstand seasonal weather conditions, providing animal feed and medicines to disaster-prone areas, administering vaccines for animal diseases, controlling and treating outbreaks, and conducting research to monitor and prevent diseases.

The government is providing non-depreciable, sustainable funds from the national economic development fund to promote the development of the livestock industry and meet the capital needs of breeders. The government is also supporting projects such as the Emerald Green project comprising breeding chicken and duck broilers and pig programmes. Moreover, plans for dairy cattle, beef cattle, layers, sheep, and goat farming are continuing to be implemented.

As a sector, during the 2023-2024 fiscal year, fish and shrimp production reached 6,320,070 metric tonnes The sector was able to export approximately 322 types of aquatic products, amounting to 522,570 metric tonnes, to 40 foreign trade partner countries. The majority of these exports were primarily aimed at fulfilling domestic fish consumption needs. Efforts have also been made to ensure that rural citizens and fish farmers understand and implement basic fish farming techniques to generate regular income. This includes educating them on fish vaccination, breeding, and other fish farming practices. For families with fish ponds, services have been provided for inspecting and maintaining the health of fish and shrimp, ensuring disease control, and issuing health certificates to guarantee that aquatic products can be exported abroad without diseases.

**Esteemed peasants,**

The government, taking into account the interests of farmers, established the Agricultural and Livestock Development Commission on 18 December 2024, to accelerate the development of the agriculture and livestock sectors. The commission is working to enhance and implement effective activities that will benefit farmers' agricultural operations across various sectors, ensuring comprehensive and sustainable development.

In conclusion, I would like to express my deepest gratitude and respect to the hardworking farmers who, with unwavering dedication and effort, have ensured not only domestic food security but also the ability to export agricultural and livestock products. Despite numerous challenges, they have consistently carried out their tasks with strength and efficiency. To promote the economic development of the country and for the long-term growth of agricultural activities, it is essential to combine all the resources, including the physical labor, knowledge, determination, modern technologies, land, and water, contributed by our farmers. We must work together, united and committed, to achieve the desired outcomes for the sustainable development of our agricultural sector.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# 208 more illegal migrants to Myanmar detained



Responsible officials inspect the collection of personal information of illegal migrants to Myanmar.

**Nay Pyi Taw March 1**

The government has been cracking down on illegal migrants involved in online gambling and scams and criminal activities after illegally entering Shwe Kokko, Mehtawthalay and KK Park in Myawady in Kayin State through neighbouring countries including Thailand and 208 foreigners were detained today.

From 30 January to 1 March, 2025, a total of 3,333 illegal migrants to Myanmar were uncovered and 757 of them have been repatriated to relevant countries through Thailand in accordance with the law, rules and regulation. The remaining 2,576 are ready for repatriation to relevant countries and detained properly.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Wetlet Township finishes cultivation of more than 2,100 acres of lablab bean

**Wetlet March 1**

According to the Wetlet Township Agriculture Department of Sagaing Region, local farmers have planted 2,100 acres of lablab bean in Wetlet Township.

They started cultivation of the bean in October 2024, and so far, they have planted 2,100 acres of lablab bean against the target of 2,125 acres.

Daw Kyin San, Head of Wetlet Township Agriculture Department disclosed: "In Wetlet Township, there are plans to cultivate 2,125 acres of lablab bean. As of today, a total of 2,100 acres have already been planted. To improve yield rates and quality, we work closely with farmers, providing them with quality seed varieties, ensuring proper agricultural input management, and offering guidance on post-harvesting techniques."



A lablab bean plantation.

Officials from the Township Agriculture Department encourage local farmers to expand sown acreage of crops, boost per-acre yield, and use quality strains of crops with GAP system.

Crops grown using the GAP (Good Agricultural Practices) system tend to have better quality compared to those grown using other methods. These crops also fetch higher prices, and due to their superior quality, they can be exported to international markets as well as sold in domestic markets. As a result, farmers who use this system can see increased profitability.

206

# Farmers harvest all sown acreage of pigeon pea

**Sagaing March 1**

In Sagaing Township, the pigeon pea crops cultivated during the rainy season have been fully harvested, according to records from the Sagaing Township Agriculture Department of Sagaing Region.

In the township, during the rainy season, pigeon pea crops were cultivated on a total area of 19,752 acres. The harvesting of these crops began in December 2024, and as of today, the full harvest has been completed on all 19,752 acres, with an average yield of 16.12 baskets per acre.

According to U Myo Thant Aung, the Head of the Sagaing Township Agriculture Department, over 19,000 acres of pigeon pea were cultivated in the township. The harvesting has been completed across all these fields. The department also focuses on ensuring a good yield rate, supporting farmers with appropriate cultivation practices and pest management.

Moreover, the township Agriculture Department has been providing education to farmers on selecting quality seeds, proper planting techniques, pest control, and improving yields. Furthermore, the department is helping farmers reduce costs by promoting the use of a combination of urea and lime for soil treatment, which has resulted in reduced farming expenses and better crop health.

206



A pigeon pea plantation.

# Explainer: How did Trump, Zelensky engage in shouting match at White House?

**Washington March 1**

Ukrainian President Volodymyr Zelensky traveled to Washington on Friday, where he and U.S. President Donald Trump were scheduled to sign a minerals deal. However, the trip took a dramatic turn as the two sides were embroiled in a rare shouting match at the White House, ultimately leaving the minerals deal unsigned.

Stunned by the fiery exchange between Zelensky and the duo of Trump and U.S. Vice President JD Vance, some Western media described the Oval Office event as "remarkable," "confrontational," and even a "blowup," as this round of U.S.-led efforts to negotiate an end to the Ukraine-Russia conflict was left in tatters.

What was supposed to be a routine presence in front of a press pool erupted into an unexpected shouting match, sparked by an interjection from Vance. Present in the room, he demanded that the Ukrainian leader show gratitude for Trump's efforts to help end Ukraine's three-year-old conflict with Russia.

"Mr. President, with respect, I think it's disrespectful for you to come to the Oval Office to try to litigate this in front of the American media," Vance told Zelensky. "You should be thanking the president for trying to bring an end to this conflict."

Zelensky tried to push back, saying the United States will "in the future" feel the problem brought to it by the Ukraine-Russia conflict, prompting Trump to raise his voice and say Zelensky was "in no position to dictate what we are going to feel" given that he "allowed" himself "to be in a very bad position."

The tension escalated as the three of them -- Trump and Vance versus Zelensky -- repeatedly interrupted each other, racing to speak over one another.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က MQ-9B Sea Guardian ဒရုန်းကို ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်ရေးအတွက် စမ်းသပ်ခဲ့



အမေရိကန်နိုင်ငံ General Atomics ကုမ္ပဏီသည် MQ-9B Sea Guardian ဒရုန်းကို ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်ရေး(ASW)အတွက် စမ်းသပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သရုပ်ပြစမ်းသပ်မှုအတွင်း ဒရုန်းသည် အရေးပါသော အသံပိုင်းဆိုင်ရာ ထောက်လှမ်းမှုများလုပ်ဆောင်၍ ရေအောက်ပစ်မှတ်များဖြစ်သော ရေငုပ်သင်္ဘောများကို အောင်မြင်စွာ ရှာဖွေတွေ့ရှိပြီး ခြေရာခံထိန်းကျောင်းကာ ခွဲခြမ်းစိတ်ဖြာမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

MQ-9B Sea Guardian ဒရုန်းတွင် အသံထောက်လှမ်းမှုဆိုင်ရာ ဆိုနာဗော်ယာစနစ်တပ်ဆင်သည့် Sonobuoy Dispensing System (SDS) Pods အများအပြားကိုအသုံးပြု၍ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးသုံး အာရုံခံကိရိယာများကို တပ်ဆင်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ SDS Pods များသည် ရေအောက်စောင့်ကြည့်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် သင်္ဘောပေါ်ရှိ အပူထုတ်လွှင့်မှုအတိမ်အနက်နှင့် အသံပိုင်းဆိုင်ရာဒေတာများကို ထောက်လှမ်းသိရှိနိုင်သည့်ဆိုနာဗော်ယာအများအပြားကို ပစ်လွှတ်ခဲ့သည်။ SDS Pod တစ်ခုစီသည် 10 A-size သို့မဟုတ် 20 G-size Sonobuoys များထိ တပ်ဆင်အသုံးပြုခဲ့ကြပြီး အသံပိုင်းဆိုင်ရာဒေတာများကိုတွက်ချက်မှုများ လုပ်ဆောင်ပေးသည့် ဆိုနာဗော်ယာစောင့်ကြည့်ရေးနှင့် ထိန်းကျောင်းရေးစနစ်သို့ ပေးပို့နိုင်မည်ဖြစ်သည်။ ထို့နောက် ဆိုနာဗော်ယာစောင့်ကြည့်ရေးနှင့် ထိန်းကျောင်းရေးစနစ်သည် ပစ်မှတ်များကိုခြေရာခံရန်၊ ၎င်းတို့၏ အမြန်နှုန်း၊ လမ်းကြောင်းနှင့် ရေအတိမ်အနက်ကို အချိန်နှင့်တစ်ပြေးညီဆုံးဖြတ်ရန် အသံပိုင်းဆိုင်ရာဆော့ဖ်ဝဲကို အသုံးပြုလုပ်ဆောင်ကြခြင်းဖြစ်သည်။

ဤသရုပ်ပြစမ်းသပ်မှုသည် မောင်းသူမဲ့စွမ်းရည်များအတွက် တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ကိုကိုယ်စားပြုနေပြီး မောင်းသူမဲ့လေယာဉ်သည် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးမစ်ရှင်အတွက် အသံပိုင်းဆိုင်ရာ ထောက်လှမ်းစောင့်ကြည့်ရေးလုပ်ငန်းစဉ်တစ်ခုလုံးကို လုပ်ဆောင်နိုင်ကြောင်း သက်သေပြရာတွင် အဓိကကျသောသမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်ဟု General Atomics Aeronautical Systems ကုမ္ပဏီဥက္ကဋ္ဌ David R. Alexander က ပြောကြားခဲ့သည်။

MQ-9B Sea Guardian ဒရုန်းသည် အော်ပရေတာများ ရည်မှန်းချက်တာဝန်အမျိုးမျိုးအတွက် လိုအပ်ချက်များကို လိုက်လျောညီထွေစွာ ဖြည့်ဆည်းပေးနိုင်ရန် ဖြုတ်လွယ်တပ်လွယ် တပ်ဆင်အသုံးပြုနိုင်သောဖွဲ့စည်းပုံမျိုးဖြင့် ဒီဇိုင်းထုတ်ထားသည့် ဒရုန်းအမျိုးအစားလည်းဖြစ်သည်။ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်ရေး (ASW) စနစ်များတပ်ဆင်နိုင်သော MQ-9B ဒရုန်းသည် ပင်လယ်ပြင်သွား သင်္ဘောလမ်းကြောင်းများနှင့် အရေးပါသော ဆုံမှတ်နေရာများကဲ့သို့သော အဓိက ပင်လယ်ပြင်ပိုင်နက်ဧရိယာများကို စောင့်ကြည့်ထောက်လှမ်းနေစဉ်တွင် ရေငုပ်သင်္ဘောများကို ခြေရာခံထိန်းကျောင်းနိုင်စေမည်ဖြစ်သည်။ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်ရေးအပြင် နည်းဗျူဟာနှင့် မဟာဗျူဟာအဆင့် နှစ်ခုစလုံးတွင် အချက်ပြထောက်လှမ်းရေးနှင့် လေကြောင်းကြိုတင်သတိပေးမှုများအတွက်လည်း တာဝန်ပေးအပ်နိုင်ကြောင်း သိရသည်။

MQ-9B ဒရုန်းသည် အလိုအလျောက် ပျံသန်းဆင်းသက်နိုင်ပြီး ကိုယ်ထည်အရှည် ၃၈ ပေရှိကာ တောင်ပံအရှည် ၇၉ ပေရှိသည်။ အများဆုံးပျံတက်နိုင်သည့် အလေးချိန်ပေါင် ၁၂၅၀၀ နှင့်လောင်စာဆီဝင်ဆံ့မှု အလေးချိန်ပေါင် ၆၀၀၀ ရှိသည်။ Honeywell TPE331-10 Turboprop အင်ဂျင်တပ်ဆင်အသုံးပြုထားပြီး လေယာဉ်ကို အများဆုံးအမြင့်ပေ ၄၀၀၀၀ ထိ ပျံသန်းနိုင်စေသည်။ ဒရုန်းသည် လေထဲတွင် နာရီ ၃၀ ကျော်ကြာ ပျံသန်းနိုင်ပြီး အကွာအဝေးရေမိုင် ၅၀၀၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်သည်။ General Atomics ကုမ္ပဏီသည် ဂျပန်၊ အိန္ဒိယနှင့် ဂရိနိုင်ငံတို့မှ မကြာသေးမီက ဒရုန်းဝယ်ယူရေးအမှာစာများဖြင့် ကမ္ဘာတစ်ဝန်းရှိသုံးစွဲသူ အများအပြားထံ MQ-9B ဒရုန်းကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**General Atomics Tests SeaGuardian for Anti-Submarine Warfare ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက ရဟတ်ယာဉ်မှပစ်လွှတ်သော သင်္ဘောဖျက်ဒုံးကျည်ကို ပထမဆုံးအကြိမ် စမ်းသပ်မှုပြုလုပ်




အိန္ဒိယနိုင်ငံသည် ရဟတ်ယာဉ်မှ ပစ်လွှတ်သော သင်္ဘောဖျက်ဒုံးကျည်ကို ပထမဆုံးအကြိမ် စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

NASM-SR ဟု အတိုကောက်အမည်ပေးထားသော ရေတပ်သင်္ဘောဖျက်ဒုံးကျည်(တာတိုပစ်)သည် ရေတပ်သုံး Sea King ရဟတ်ယာဉ်မှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး သဏ္ဍာန်တူသင်္ဘောပစ်မှတ်ကိုထိမှန်ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန (MoD) ၏ သတင်းထုတ်ပြန်ချက်တွင် ဒုံးကျည်ကို အနီးအနားရှိ ပစ်မှတ်များစွာထဲမှ ပစ်မှတ်တစ်ခုကိုရွေးချယ်တိုက်ခိုက်ရန်အတွက် ဒုံးကျည်ကိုပစ်လွှတ်ပြီးနောက် ထိန်းချုပ်ရေးနည်းလမ်းဖြင့် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကနဦးရှာဖွေတွေ့ရှိထားသော ဇုန်တစ်ခုအတွင်း အရွယ်အစား ကြီးမားသောပစ်မှတ်တစ်ခုကို ခြေရာခံထိန်းကျောင်းမှုပြုလုပ်ခဲ့ကာ ဒုံးကျည်ထိန်းကျောင်းရေး အော်ပရေတာက နောက်ကွယ်မှ ဖုံးကွယ်နေသောအရွယ်အစား ပိုမိုသေးငယ်သည့် ပစ်မှတ်ကို ရွေးချယ်၍ တိကျစွာတိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ပစ်မှတ်ဆီသို့ အဆုံးသတ်ပိုင်း လမ်းညွှန်ထိန်းကျောင်းမှု Terminal Phase အဆင့်တွင် NASM-SR ဒုံးကျည်သည် အနီအောက်ရောင်ခြည် ပုံရိပ်ဖော်ကိရိယာကို အသုံးပြုပျံသန်းနိုင်မည်ဖြစ်ပြီး ရေဒါဖိဖျက်နှောင့်ယှက်ခြင်းဒဏ်ကို ခံနိုင်ရည်ရှိမည်ဖြစ်သည်။ ပျံသန်းနေချိန်အတွင်း ပစ်မှတ်ကိုပြောင်းလဲတိုက်ခိုက်နိုင်ရန်အတွက် Two-Way Data Link ဆက်သွယ်မှုစနစ်ကို အသုံးပြုထားကြောင်း သိရသည်။

ဒုံးကျည်တွင် ဝေဟင်၌ပျံသန်းနေသည့်အဆင့်အတွက် ထိန်းကျောင်းလမ်းညွှန်နိုင်ရန် လမ်းကြောင်းပြစနစ်အပေါ် အခြေခံထားသော ပြည်တွင်းထုတ် Fiber Optic Gyroscope နှင့် Radio Altimeter ကိရိယာ၊ ပေါင်းစည်းလေကြောင်းပျံသန်းမှုမော်ဂျူး၊ လေခွင်းအားနှင့် ဂျက်အင်ဂျင် ထိန်းကျောင်းပျံသန်းမှုတို့အတွက် Electro-Mechanical Actuatorများ၊ အပူပေးဘက်ထရီများနှင့် PCB ဒုံးကျည် ထိပ်ဖူးတို့အသုံးပြုထားကြောင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် အလွယ်တကူဖြုတ်ချနိုင်သော တွန်းအားပေးကိရိယာနှင့် အချိန်ကြာမြင့်စွာ လောင်ကျွမ်းနိုင်သော Sustainer အင်ဂျင် ပေါက်ကွဲမှုနှစ်ဆင့်ပါရှိသော အစိုင်အခဲလောင်စာသုံး တွန်းအားပေးစနစ်ကိုအသုံးပြုထားကြောင်း သိရသည်။ ဒုံးကျည်သည် ပင်လယ်ရေပြင်ပေါ်တွင် ရုပ်ပြေးပျံသန်းနိုင်သည့် Sea-Skimming Mode ဖြင့် ပျံသန်းစစ်ဆင်နိုင်သည့်အတွက် ခံစစ်ဆင်နေသည့် တစ်ဖက်ရန်သူက ကြားဖြတ်ပစ်ချရန် ပိုမိုခက်ခဲစေမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ဝေဟင်မှပစ်လွှတ်နိုင်သော BrahMos ခရုဇ်ဒုံးကျည်ဗားရှင်းသည် ယခုထက်တိုင် တပ်တော်ဝင်အသုံးပြုနိုင်ခြင်းမရှိသေးသည့်အတွက် ဝေဟင်မှ ပစ်လွှတ်နိုင်သောသင်္ဘောဖျက် ဒုံးကျည် စွမ်းရည်တွင် လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**India Tests Helicopter-Launched Anti-Ship Missile ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘုတလင်မြို့နယ်တွင် မြေပဲ ၁၄၁၅၅ ဧက နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၆၅ ဒသမ ၁၇ တင်း ထွက်ရှိ



**ဘုတလင် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၁၄၁၅၅ ဧက နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၁၅၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊အဆိုပါစိုက်ပျိုးထားသောမြေပဲခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၅ ဒသမ ၁၇တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာမြေပဲ ၁၄၁၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်း လျက်ရှိကြပါတယ်။ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမကပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးပြေမ ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးပြေမပိဿာချိန် ၈၂၀၀၀ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ငါးပြေမ ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ၃၁ ရက်ထိ ငါးပြေမ ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''မော်လမြိုင်ကျွန်းမြို့နယ်က ထွက်တဲ့ ငါးပြေမတွေ ရန်ကုန်ဈေးကွက်ကဝယ်ယူအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငါးပြေမ ပိဿာချိန် ၈၂၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန် အများအပြား ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချတာပါ။ ဝယ်လိုအားကောင်းပြီး ဈေးကတော့ပုံမှန်အနေအထားမှာ ရှိနေပါတယ်။ ငါးပြေမကတော့ အများဆုံး တင်ပို့ခဲ့ရပါတယ်'' ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမနှစ်မျိုးထွက်ရှိပြီး ထွက်ရှိလာသည့်ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ်၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ရသေ့ပျံကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်နယ် အစိုးရရန်ပုံငွေဖြင့် ရသေ့ပျံကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့်ကော်မတီမှတာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရသေ့ပျံကျေးရွာ၌ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ရသေ့ပျံကျေးရွာ၌ လမ်းအရှည်ငါးဖာလုံ၊အကျယ်၁၂ပေ၊အမြင့်သုံးပေကိုးလက်မရှိကုန်ထုတ်လမ်းဂဝံမြေခင်းခြင်း လုပ်ငန်းကို၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၇၂ဒသမ၇၉၂သန်းဖြင့် ငွေကြွယ်လင်းကုမ္ပဏီက၂၀၂၄ ခုနှစ်၊ ဇွန်လ၁၀ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဆက်လူ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို
- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁-၃-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| ဧွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၅၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၉၀ |
| (သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်) | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)






❑ **ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်မှ** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ဖွင့်ပွဲဆိုင်းဘုတ်ကို ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲဆိုင်းဘုတ်အား အမွှေးနံ့သာများပက်ဖျန်း၍ ကျေးရွာအတွင်းရှိ နေအိမ်များတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နွားရေတိုက်ကျေးရွာအုပ်စု ငါးတဲစု ကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၈-၂၀၁၉ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေကျပ် ၁၁၄ ဒသမ ၇၇၀ သန်းဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်း တစ်မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ကေဗွီအေ ၂၀၀ ထရန်စဖော်မာ တစ်လုံးတည်ဆောက်ခဲ့ပြီးဖြစ်၍ ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၁၇၈ စုအတွက် လျှပ်စစ်မီတာ ၄၅ လုံး တပ်ဆင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကညင်ငူကျေးရွာတွင်ကျင်းပသည့် မြစ်ရေတင်စီမံကိန်းဖွင့်ပွဲသို့တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဖွင့်အမှာစကားပြောကြား၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးစံပြကွက်ကို ကောက်စိုက်လုံမေများ၊ လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်(စက်ပါ) အစေ့ချစက်များဖြင့် ရက် ၉၀ မျိုးစပါး၊ ရေဆင်းပေါ်ဆန်း-၁၊ ရေဆင်းပေါ်ဆန်း-၂၊ ရွှေနံ့သာပေါ်ဆန်း-၂၊ အောင်နိုင်တိုးမျိုးစပါးများစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရေကြည်မြို့နယ် ကျွန်းဒေါင့်ကျေးရွာ တောင်သူ ဦးမြင့်စိုး၏ ဆောင်းမြေပဲစံပြစိုက်ကွက် ၁၀ ဧက ရိတ်သိမ်းမှုကိုလည်းကောင်း၊ ဖူးရတနာမြေပဲခွဲစက်နှင့် မြေပဲဆီသန့်ကြိတ်စက်ကိုလည်းကောင်း ကြည့်ရှုအားပေးပြီး အရည်အသွေးကောင်းမွန်စေသည့် မြေပဲဆီများကြိတ်ခွဲထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်စေရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နှောကုန်းကျေးရွာ ရွှေစေတီဘုန်းတော်ကြီးကျောင်းသို့ သွား၍ ဆရာတော်များကို ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို လျှောက်ထားတင်ပြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သန်လျက်စွန်းကျေးရွာရှိ တောင်သူ ဦးမြင့်စိုးနှင့် တောင်သူ ဦးဝင်းထိုက်၏ စိုက်ဧက ၂၀ တွင်( Super sun–41 )နေကြာစိုက်ပျိုးဖြစ်ထွန်းနေမှုများ ကြည့်ရှုအားပေး၍ပန်းတိုင်အထွက်နှုန်းရရှိနိုင်မှုအခြေအနေများ ဆွေးနွေးမေးမြန်းပြီး အောင်မြင်အောင်ဆောင်ရွက်စေရေး၊တောင်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိ ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၅ နှစ်မြောက် အထိမ်းအမှတ် တရုတ်နိုင်ငံက ပြန်ကြားရေးဝန်ကြီးဌာနသို့ "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်





**ရန်ကုန် မတ် ၁**

မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၅ နှစ်မြောက် အထိမ်းအမှတ် တရုတ်နိုင်ငံက ပြန်ကြားရေးဝန်ကြီးဌာနသို့ "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို(အေ)တွင် ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr.Zheng Zhihong နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားမှူးက "သူချစ်" မြန်မာ့ရုပ်ရှင်ဇာတ်ကားအကျဉ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ရုပ်ရှင်အနုပညာသည် အနုပညာနယ်ပယ်အရပ်ရပ်အနက် လွှမ်းဆော်နိုင်မှုစွမ်းပကားကြီးမားပြီး ဩဇာအာဏာသက်ရောက်မှုရှိသကဲ့သို့ လူ့အသိုင်းအဝိုင်းနယ်ပယ်အတွင်း ထိုးထွင်းဝင်ရောက်နိုင်စွမ်းရှိပါကြောင်း၊ ရုပ်ရှင်တွင် ဖော်ကျူးထားသည့် အနုပညာလက်ရာများကလည်းနိုင်ငံအချင်းချင်း၊ပြည်သူအချင်းချင်း၊ယဉ်ကျေးမှုအချင်းချင်းနီးနွှောပေါင်းစပ်ပေးနေသည့် အနုပညာသုခမပညာရပ်ပင်ဖြစ်ပါကြောင်း။

နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ဆက်ဆံရာတွင် အချို့က ဘာသာစကားနားမလည်သည့်တိုင် ရုပ်ရှင်တွင်ရိုက်ကူးဖော်ပြချက်များကြောင့် လူသားအချင်းချင်း၊ နှလုံးသားချင်းနားလည်မှုရရှိပြီး ပိုမိုရင်းနှီးလာစေပါကြောင်း၊ ယခုကဲ့သို့ ရုပ်ရှင်ကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်းမှသည် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်သည့် အစဉ်အလာကို ထိန်းသိမ်းပြီး တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီးက "သူချစ်"ရုပ်ရှင်ဇာတ်ကားHard Diskနှစ်စုံကို ပေးအပ်သည်။

ဆက်လက်၍ သံမှူးကြီးက "သူချစ်" ရုပ်ရှင်ဇာတ်ကားကို လွှဲပြောင်းပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံမှူးကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "သူချစ်" ရုပ်ရှင်ဇာတ်ကားပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယခုပေးအပ်သည့် "သူချစ်"ရုပ်ရှင်ဇာတ်ကားကို ၁၉၅၁ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်ကထုတ်လုပ်ခဲ့ပြီး ဒါရိုက်တာဦးချန်ထွန်းရိုက်ကူးခဲ့ကာ အောဝမ်းညွှန့်မောင်၊ မေမြင့်တို့ ပါဝင်သရုပ်ဆောင်ထားသည်။ ဒါရိုက်တာ ဦးချန်ထွန်းရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားများအနက် သူဇာနှင့် သူချစ်ရုပ်ရှင်ကားများမှာ ထူးချွန်ပြောင်မြောက်ခဲ့ပြီး ဂုဏ်ဇာတ်ကားသည်လည်း အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ "သူချစ်" ရုပ်ရှင်ဇာတ်ကားသည် ထိုခေတ်က အောင်မြင်သော တောင်သူလယ်သမားတို့ဘဝ သရုပ်ဖော်ထားသော ရည်ရွယ်ချက်ကောင်းသည့် မြန်မာဇာတ်ကား တစ်ကားဖြစ်သည်။ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြသည့် သရုပ်ဆောင်များသည် ဇာတ်လမ်းနှင့် ကိုက်ညီသည့် ဇာတ်ဆောင်များကို ရွေးချယ်ထားသည့်အတွက် ထိုအချိန်က မြန်မာရုပ်ရှင်ဇာတ်ကားများကို တရုတ်နိုင်ငံအပါအဝင် ကြိုက်နှစ်သက်ကြသည့် နိုင်ငံများက ဝယ်ယူလေ့ရှိသည်။ ၁၉၅၅ ခုနှစ်တွင် "သူချစ်" ရုပ်ရှင်ဇာတ်ကားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက စတာလင်ပေါင် ၂၅၀၀ ဖြင့် ဝယ်ယူပြသခဲ့ပြီး ၁၉၅၇ ခုနှစ် တရုတ်နိုင်ငံ ပီကင်းမြို့၌ကျင်းပသည့် အာရှရုပ်ရှင်ပွဲတော်တွင် တရုတ်ဘာသာစကား အသံသွင်းပြီးပြသခဲ့ရာ နိုင်ငံတကာမှ လေးစားချီးကျူးမှုများရရှိခဲ့သည်ဟု သိရသည်။

"သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကားကို တရုတ်နိုင်ငံက ယခုအခါ ခေတ်နှင့်အညီ အရုပ်၊ အသံ အရည်အသွေးမြင့်မားသည့် Digital Format အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု ၇၅ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Channel များတွင် အခါအားလျော်စွာထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့နှင့်အတူ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံပြင်ဆင်ထိန်းသိမ်းထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မျိုးစေ့ပြပွဲ ၂၀၂၅(Seed Fair 2025) ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁**

၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မျိုးစေ့ပြပွဲ ၂၀၂၅(Seed Fair 2025) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝန်း၌ ကျင်းပသည်။



အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်၊သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊မျိုးစေ့ကုမ္ပဏီများမှ တာဝန်ခံနှင့်ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်အသီးသီးမှ တောင်သူလယ်သမားများ၊မျိုးစေ့ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်ရရှိသုံးစွဲနိုင်မှသာ သီးနှံများအရည်အသွေးရောအထွက်နှုန်းပါတိုးတက်လာမည်ဖြစ်ကြောင်း မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများကို မိမိတို့ဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် နိုင်ငံသားပိုင်ကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါကြောင်း။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ရည်ရွယ်ချက်များနှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သော "တောင်သူလယ်သမားများ သွင်းအားစု (မျိုးစေ့)များကိုလွယ်ကူအဆင်ပြေစွာရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်"ဆိုသည့်ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ယခု မျိုးစေ့ပြပွဲ ၂၀၂၅ (Seed Fair 2025) မှာ သတ္တမအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခု မျိုးစေ့ပြပွဲများကိုအခြေတည်၍ အစိုးရဌာနနှင့် ပုဂ္ဂလိကတို့ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မျိုးစေ့ကဏ္ဍပိုမိုဖွံ့ဖြိုးလာစေပြီး၊ တောင်သူလယ်သမားများ၏အကျိုးစီးပွားကို ဆတက်ထမ်းပိုးသယ်ပိုးရွက်ဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက တောင်သူများ အရင်းအနှီးပိုမိုတောင့်တင်းလာစေရေးနှင့် ဈေးကွက်ခိုင်မာရေးအတွက် လယ်ယာကုန်ထုတ်သမဝါယမအသင်းများ၊ မျိုးစေ့ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်နိုင်မှုအခွင့်အလမ်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနယ်မြေ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာရေးနှင့် တောင်သူလယ်သမား အကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက မျိုးစေ့ပြပွဲ ၂၀၂၅ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်ဧည့်သည်တော်များသည် အခမ်းအနားတက်ရောက်လာကြသည့် မျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ တောင်သူများနှင့်အတူ မျိုးစေ့ထုတ်စိုက်ခင်းများ၊ ပြခန်းပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

မျိုးစေ့ပြပွဲ ၂၀၂၅ တွင် စိုက်ခင်း ၁၂ ဧကအသုံးပြုစိုက်ပျိုးထားရှိပြီး ကုမ္ပဏီ လေးခုနှင့် ဌာနမှ သီးနှံ ခုနစ်မျိုး၏ မျိုးပြားပေါင်း ၃၀ ကို စိုက်ပျိုးထားကြောင်း၊ အဆိုပါစိုက်ခင်းများတွင် နေကြာသီးနှံ ၁၂ မျိုး၊အစေ့ထုတ်ပြောင်း ခုနစ်မျိုး၊ စင်တင်ဟင်းသီးဟင်းရွက်မျိုးစုံ ၁၅ မျိုး၏ မျိုးပြား ၃၉ မျိုးကို စိုက်ပျိုးထားပြီး ဌာန သုံးခု၊ ကုမ္ပဏီ ၂၁ ခုတို့ကပြခန်း ၃၂ ခန်းခင်းကျင်းပြသထားကြောင်း၊ ပြပွဲသို့ လာရောက်လေ့လာကြသည့် တောင်သူများက ကြည့်ရှုလေ့လာပြီး ကိုယ်တိုင်အကဲဖြတ်ပေးခြင်းဖြင့် တောင်သူများကြိုက်နှစ်သက်သောမျိုးများဖော်ထုတ်နိုင်မည့်အစီအစဉ်များထည့်သွင်းဆောင်ရွက်ထားသည့်အပြင် တောင်သူပညာပေးဆွေးနွေးပွဲများ၊ အမေးအဖြေပဟေဠိဉာဏ်စမ်းဂိမ်းများကိုလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။

မျိုးစေ့ပြပွဲ ၂၀၂၅(Seed Fair 2025) ကို ယနေ့မှ မတ် ၃ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆိုအခမဲ့လာရောက်လေ့လာနိုင်ကြကြောင်း၊ လေ့လာသူများ၏ သိရှိလိုသည်များကို စိုက်ခင်းအလိုက်ပြခန်းများအလိုက် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပေးလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁**

ပြင်ဦးလွင်ဒေသရှိ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိသုတေသနဌာနခွဲ(ပြင်ဦးလွင်)၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဇန်နဝါရီ ၁၁ ရက်က ပြင်ဦးလွင်မြို့ မြို့တော်ခန်းမတွင် ပြုလုပ်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင်လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်နိုင်ရန် စက်မှုဝန်ကြီးဌာနအပြင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်း ရေတိုရေရှည်ခွဲခြားပြီး စောင့်ကြည့်ကြပ်မတ်ခြင်းများ ပုံမှန်ပြုလုပ်ပေးရန်လိုအပ်သည့်အတွက် သက်ဆိုင်ရာဌာနများ၊ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဌာနအလိုက်၊ လုပ်ငန်းများအလိုက် ဆောင်ရွက်ပေးနေမှု၊ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုဆွေးနွေးတင်ပြပေးရန် ပြောကြားလိုကြောင်း၊ စုပေါင်းဆောင်ရွက်မှသာ လိုအပ်ချက်များကို မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ အကြီးစားလုပ်ငန်း ၅၃ ခု၊ အလတ်စားလုပ်ငန်း ၆၄ ခုနှင့် အငယ်စားလုပ်ငန်း ၄၂ ခု စုစုပေါင်းလုပ်ငန်း ၁၅၉ ခုကို ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ထုတ်ပေးထားနိုင်ခဲ့ပြီးအသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်း ၇၇ ခု၊အလတ်စားစီးပွားရေးလုပ်ငန်း ၂၈ ခု စုစုပေါင်း ၁၀၅ ခုကို SME Member Card နှင့် ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း ရန်ပုံငွေကျပ်ရှစ်ဘီလီယံမှလည်း MSME နှင့် အခြားကဏ္ဍများမှလုပ်ငန်းရှင် ခြောက်ဦးကို ချေးငွေကျပ် ၂၃၁ ဒသမ ၀၃ သန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ပြင်ဦးလွင်ဒေသမှထွက်ရှိသော ကော်ဖီ၊ ဝိုင်နှင့် ယိုမျိုးစုံများသည် သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် ထုတ်လုပ်ထားသဖြင့် အရသာကောင်းမွန်ပြီး ဈေးကွက်လည်းရရှိပြီးဖြစ်ကြောင်း၊ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့တင်ပို့နိုင်ရေး၊ ပြည်ပဈေးကွက် ပိုမိုထိုးဖောက်နိုင်ရေးအတွက်လည်း ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက လုပ်ငန်းများတိုးချဲ့နိုင်ရေးအတွက် စက်ပစ္စည်းများဝယ်ယူရန်၊ လုပ်ငန်းလည်ပတ်ရန်တို့အတွက် ချေးငွေရရှိရေး၊ FDA အသိအမှတ်ပြုလက်မှတ်ရရှိရေး၊ လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများကတင်ပြချက်များအပေါ် ဆောင်ရွက်ပေးမည့်အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်များကို အားပေးကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Favourite ကော်ဖီထုတ်လုပ်ခြင်းလုပ်ငန်း၌ အရည်အသွေးထိန်းသိမ်းရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကော်ဖီမှုန့်များထုတ်လုပ်နေမှုတို့ကို အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

ရှေ့ဖုံးမှအဆက်

ဒီရေအလားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် **"တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"**ဆိုသည့် ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ရေး၊ MSME စက်မှုလုပ်ငန်းများကို အားပေးကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပတင်ပို့နိုင်ရေးစသည့် စီးပွားရေးဦးတည်ချက် (၃)ရပ်ကို ချမှတ်ပြီး ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲ၍ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

တောင်သူလယ်သမားကြီးများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ သီးနှံများအထွက်တိုးရေးပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် သီးနှံများကို ပန်းတိုင်အထွက်နှုန်းများရရှိရေး အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များပြောင်းလဲသုံးစွဲရေး၊ မြေစနစ်တကျပြုပြင်ခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိန်ကိုက် အချိုးကျစနစ်တကျသုံးစွဲ၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေအောင်ရေရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေးစသည့်မျိုး၊မြေ၊ရေ၊နည်းဆိုသော နည်းလမ်းလေးသွယ်ပြည့်စုံကောင်းမွန်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သီးနှံများ ပိုမိုထွက်ရှိရေးနှင့် သီးထပ်စွမ်းအားမြင့်မားစေရေးအတွက် တစ်သီးစိုက်လယ်မြေများကို နှစ်သီးစိုက်၊ သုံးသီးစိုက် စသည့် သီးထပ်စိုက်ပျိုးနိုင်ရေး ဒေသအလိုက်၊ရာသီအလိုက် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်စေလျက်ရှိပါသည်။

လက်ရှိစိုက်ပျိုးနေသော စိုက်ပျိုးမြေများတွင် စိုက်ပျိုးသည့် သီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ကြိုးစားဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအား နှစ်ဆမှ သုံးဆထိရရှိအောင်ကြိုးစားဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေတိုးစေနိုင်သလို နိုင်ငံတော်အတွက်လည်း စီးပွားဖွံ့ဖြိုးတိုးတက်စေပြီး **"မြေကြီးက ရွှေသီးသည်"**ဟု ဆိုရမည်ဖြစ်ပါသည်။

တောင်သူဦးကြီးများအတွက် မျိုးကောင်းမျိုးသန့်များအလွယ်တကူရရှိစိုက်ပျိုးနိုင်စေရန် မျိုးစေ့ထုတ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးခြင်း၊မျိုးစေ့ထုတ်အထူးဇုန်များဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့်၊မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာသုတေသနများကို လေ့လာနိုင်ရန်မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သီးနှံများစိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကကျသည့် မြေဆီလွှာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တွဲဖက်အသုံးပြုခြင်း၊ မြေဖုံးပင်များ စိုက်ပျိုးခြင်း၊ လေကာပင်စိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ ကုန်းမြင့်တောင်စောင်းဒေသများတွင် လှေကားထစ်စိုက်ပျိုးခြင်း၊ ကွန်တိုစနစ်ဖြင့် စိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း စသည့် စိုက်ပျိုးနည်းစနစ်များသုံးကြရန် လိုအပ်ပါသည်။ ထို့ပြင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်း၊နွားချေး၊ကြက်ချေးများအပြင် EM ဘိုကာရှီမြေဆွေးများ၊ ငါးအမိုင်နိုအက်စစ်များ အသုံးပြုခြင်း၊ပိုက်ဆန်လျှော်ကဲ့သို့သော သစ်စိမ်းမြေဩဇာများစိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးသည်သာမက အရည်အသွေးကောင်းပြီး ဈေးနှုန်းမှန်ကန်သည့် သွင်းအားစုများကို တောင်သူများသုံးစွဲနိုင်ရေးအတွက်လည်း မြေဩဇာ၊မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်း၍ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်လည်း သွင်းအားစုကုမ္ပဏီများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆည်မြောင်းစီမံကိန်းများကို အလေးထားရင်းနှီးမြှုပ်နှံပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေလှောင်တမံ ၂၄၆ ခု၊ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်း အခု ၈၈၀ တို့အား ဆောင်ရွက်ထားရှိပြီး လက်ရှိတွင် စိုက်ပျိုးသီးနှံဧက ၃၁ သိန်းကျော်အား အကျိုးပြုလျက်ရှိပါသည်။ထို့ပြင် စိုက်ပျိုးရေရရှိမှုခက်ခဲသည့် ဒေသများတွင် မြေအောက်ရေအရင်းအမြစ်များကို အသုံးပြုရန်အတွက် စက်ရေတွင်း ၂၅၇၆၉ ခုကို တူးဖော်ထားရှိပေးထားပြီး မြေအောက်ရေလှောင်တမံများကို တည်ဆောက်ပေးလျက်ရှိပါသည်။ ယာယီချောင်းပိတ်တမံများတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှုနှင့် ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ရေဘေးကာကွယ်ရေးတာများ၊ရေငန်တားတာများ တည်ဆောက်ခြင်းနှင့် ချောင်းကော၊ မြောင်းကောများ၊ ချောင်းရိုးများနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးအသိပညာဖြန့်ဖြူးမှုကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာတွင် သုတေသနတွေ့ရှိချက်များ၊ ခေတ်မီနည်းပညာများ၊ မျိုးကောင်း၊ မျိုးသန့်နှင့်နည်းစနစ်ကောင်းများကို တောင်သူကြီးများ ယုံကြည်လက်ခံကျင့်သုံးလာစေရန် စိုက်ပျိုးပညာပေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ **"တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း"**မှ ထုတ်လွှင့်ပေးခြင်း၊မြဝတီရုပ်မြင်သံကြားမှ **"စိုက်ပျိုးသုတ"**အစီအစဉ်ဖြင့် ထုတ်လွှင့်ပေးခြင်း၊ မြန်မာ့အသံရေဒီယိုလိုင်းမှ **"သုတပဒေသာစိုက်ပျိုးနည်းပညာအစီအစဉ်"**ဖြင့် ထုတ်လွှင့်ပေးခြင်း၊ တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လွှင့်ပေးခြင်းတို့အပြင် ဒို့ကျေးရွာဂျာနယ်ကဲ့သို့သော ဂျာနယ်များ၊ စာစောင်များဖြင့်လည်း အသိပညာဖြန့်ဝေလျက်ရှိပါသည်။ အင်တာနက်ကို အသုံးပြု၍ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့သိလိုသည့်နည်းစနစ်များကို အလွယ်တကူလေ့လာသိရှိနိုင်ပြီဖြစ်ပါသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာစသည့် သီးနှံများကို စီမံကိန်းလျာထားသည့်အတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းမှာကြားလိုပါသည်။

မိမိတို့နိုင်ငံ၏ ဝါသီးနှံစိုက်ပျိုးမှုမှ ထွက်ရှိသောဝါဂွမ်းကုန်ကြမ်းများသည် ပြည်တွင်းသုံးစွဲရန်လုံလောက်မှုရှိသော်လည်း ချည်များကို ပြည်ပမှတင်သွင်းနေရဆဲဖြစ်ပါသည်။ ပြည်ပမှချည်နှင့်ချည်ထွက်ပစ္စည်းများ၊ အဝတ်အထည်များ တင်သွင်းမှုလျှော့ချနိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်ကို အရည်အသွေးမီထုတ်လုပ်ဖြည့်ဆည်းနိုင်ရန်အတွက် ဝါသီးနှံအထူးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်ဧကအထွက်နှုန်းပိဿာ ၇၀၀ ထွက်ရှိရေးနှင့် အရည်အသွေးကောင်းဝါနှင့် ဂွမ်းများရရှိရေးတို့ကို အဓိကရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထွက်ရှိလာသည့် အရည်အသွေးကောင်းဝါနှင့်ဂွမ်းတို့ကို အသုံးပြုပြီး အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရန်အတွက် ဝါအခြေခံစက်မှုလုပ်ငန်းများဖြစ်သည့် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကို အခြေခံသည့်စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများတိုးတက်စေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကို ပြည်တွင်းထွက်ဝါများဖြင့် လုံလောက်စွာထုတ်လုပ်ပြီး ပြည်သူများအနေဖြင့်လည်း ပြည်တွင်းဖြစ်အဝတ်အထည်များကို အလေးထားအသုံးပြုကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စသည်တို့ကို ကုန်ချောပြုပြင်ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်းများနှင့် ကော်ဖီ၊ ရော်ဘာ၊ဝါ၊ကြံ၊ဆေးရွက်ကြီး၊ဂုန်လျှော်စသည်တို့ကို ကုန်ချောထုတ်လုပ်သည့် စက်မှုကုန်ကြမ်းသီးနှံလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်ပေးခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်လာနိုင်ပြီး သီးနှံများ ဈေးကွက်တွင် အဆင့်မီစွာထုတ်လုပ်ရောင်းချနိုင်၍ တောင်သူများ ဝင်ငွေတိုးကာ လူနေမှုဘဝတိုးတက်မြင့်မားလာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အထောက်အကူပြုရန် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံ ၁၅ ကျောင်းဖွင့်လှစ်သင်ကြားပေးလျက်ရှိရာတွင် အလယ်အလတ်အဆင့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် အခြေခံပညာအထက်တန်းကျောင်းများတွင် တွဲဖက်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာသင်အထက်တန်းကျောင်းများကို၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်ပေးခဲ့ရာ လက်ရှိတွင် စုစုပေါင်း ၈၅ ကျောင်းထိ ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

**တောင်သူလယ်သမားဦးကြီးများခင်ဗျာ**

စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများပါ ဆက်စပ်လုပ်ကိုင်လျက်ရှိသောကြောင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း မြှင့်တင်ကြရန်မှာကြားလိုပါသည်။ ပြည်သူများ အာဟာရပြည့်ဝစေရေးအတွက် အသားဓာတ်ရရှိနိုင်သည့် သား၊ ငါး၊ နို့၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများ ထုတ်လုပ်ရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါသည်။ နိုင်ငံတော်အနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် နို့စားနွား၊အသားတိုးနွားများ တိုးချဲ့မွေးမြူခြင်း၊ ထုတ်လုပ်မှုမြင့်မားသည့် မျိုးကောင်းမျိုးသန့်များပေါ်ထွန်းလာရေးဆောင်ရွက်ခြင်း၊ မွေးမြူရေးဇုန်များဖော်ဆောင်ပြီး နွား၊ ဝက်၊ ကြက်၊ဘဲ၊ သိုး၊ ဆိတ်များမွေးမြူထုတ်လုပ်ခြင်းနှင့် အရည်အသွေးပြည့်မီသည့် နို့နှင့် နို့ထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရေးအတွက် မြစိမ်းရောင် (အသားကဏ္ဍ)ကျေးရွာများ ထူထောင်ပြီး အောင်မြင်မှုရရှိရေးကိုလည်း မှာကြားလိုပါသည်။ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိ၍ ထုတ်လုပ်မှုကောင်းသည့် နွားမျိုးကောင်းမျိုးသန့်တိရစ္ဆာန်များကို တောင်သူများထံသို့ ဖြန့်ဖြူးခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် တိရစ္ဆာန်ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်း၊ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မွေးမြူသူများ၏ အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေများထုတ်ပေးပံ့ပိုးလျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းဖြင့် အသားတိုးကြက်၊ဥစားဘဲ၊အသားတိုးဝက်မွေးမြူရေး စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည့်အပြင် နို့စားနွား၊ အသားတိုးနွား၊ဥစားကြက်၊သိုး၊ဆိတ်မွေးမြူရေးစီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ငါးကဏ္ဍအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငါး၊ပုစွန်ဖမ်းဆီး၊မွေးမြူခြင်းမှ မက်ထရစ်တန်ချိန် ၆၃၂၀၀၇၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေထွက်ကုန်ပစ္စည်း ၃၂၂ မျိုးခန့်ပါဝင်သည့် မက်ထရစ်တန်ချိန် ၅၂၂၅၇၀ ကို ပြည်ပနိုင်ငံပေါင်း ၄၀ သို့ တင်ပို့နိုင်ခဲ့ပြီး အများစုမှာ ပြည်တွင်းငါးရိက္ခာလိုအပ်ချက်ကို အဓိကဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်နေပြည်သူများ၊ငါးမွေးတောင်သူများအား ပုံမှန်ဝင်ငွေရရှိရေးအတွက် အခြေခံငါးမွေးမြူရေးနည်းပညာများသိရှိနားလည်စေရန် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူနည်းပညာများအားသိရှိနားလည်ရန်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။မိသားစုတစ်ပိုင်တစ်နိုင်ကန်များတွင် ငါးမွေးမြူခြင်းနှင့်ကန်ပေါင်တွင် စိုက်ပျိုးခြင်း၊ မွေးမြူမည့် ငါး၊ ပုစွန်သားပေါက်များရောဂါကင်းရှင်းကျန်းမာစေရန် စစ်ဆေးပေးခြင်း၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်းဝန်ဆောင်မှုပေးခြင်းနှင့် ရေထွက်ကုန်များပြည်ပသို့ တင်ပို့နိုင်ရန် ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်(Health Certificate)ထုတ်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားဦးကြီးများခင်ဗျာ**

နိုင်ငံတော်က တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုရှေးရှု၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကိုဖွဲ့စည်းခဲ့ပြီး ကဏ္ဍပေါင်းစုံမှတောင်သူလယ်သမားဦးကြီးများ၏လယ်ယာလုပ်ငန်းများအား ထိရောက်စွာအကျိုးပြုနိုင်မည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် လယ်ယာထွက်ကုန်နှင့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများကို ပြည်တွင်းဖူလုံမှုသာမက ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရှိန်အဟုန်မပျက်ထုတ်လုပ်နိုင်သည်အထိ အမျိုးမျိုးသောအခက်အခဲများကြားမှ လုံ့လဝီရိယဖြင့်စွမ်းအားပြည့်ဆောင်ရွက်ပေးခဲ့ကြပါသော တောင်သူလယ်သမားဦးကြီးများကို အစဉ်အမြဲကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားဦးကြီးများ၏ ကာယ၊ ဉာဏ၊ လုံ့လဝီရိယ၊ ခေတ်မီနည်းပညာ၊မြေ၊ရေစသည့်အရင်းအမြစ်များအားလုံးကိုပေါင်းစပ်၍ မျှော်မှန်းထားရှိသည့် ရလဒ်များရရှိနိုင်ရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထားတိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ သမဝါယမအသင်းစုပိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ သမဝါယမအသင်းစုပိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘက်စုံခြံအတွင်း အသားတိုးကြက်မွေးမြူထားရှိမှုအခြေအနေများနှင့် သမဝါယမအသင်းစုပိုင်မြေပေါ်တွင် တိရစ္ဆာန်အစာစပ်စက်ရုံတည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တိရစ္ဆာန်ရောဂါများ မကျရောက်စေရေးနှင့် ကြီးထွားမှုနှုန်းများ ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကျန်ရှိသည့် ကြက်ခြံများတွင်လည်း အသားတိုးကြက်များ ဆက်လက်မွေးမြူနိုင်ရေးဆောင်ရွက်ကြစေလိုကြောင်း၊ ဘက်စုံသုံးခြံအတွင်း မိုးအခါ ရေစီးရေလာကောင်းမွန်စေရေး ရေထုတ်မြောင်းများ တူးဖော်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။





ဆက်လက်၍ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း အိန္ဒိယနေကြာဆူရာကီရန် (Suryakiran)မျိုး ရှစ်ဧကစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းသား တောင်သူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သီးနှံများအထွက်တိုးစေရေးအတွက် လုပ်ဆောင်ရမည့် စိုက်ပျိုးရေးလုပ်ငန်းစဉ်များကို စနစ်တကျကြိုးစားဆောင်ရွက်ကြရန်လိုအပ်ပြီး လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို စနစ်တကျမှတ်တမ်းတင်ထားရှိရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားကာ အသားတိုးနွားများ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဗဟိုလေကြောင်းထိန်းသိမ်းမှုကွပ်ကဲရေးစင်တာနှင့် လေကြောင်းထိန်းလုပ်ငန်းဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဗဟိုလေကြောင်းထိန်းသိမ်းမှု ကွပ်ကဲရေးစင်တာနှင့် လေကြောင်းထိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ Air Traffic Management Centre – ATMC အစည်းအဝေးခန်းမ၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လေကြောင်းထိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်ချက်ရှိသည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လေကြောင်းလုပ်ငန်းသည် မိမိနိုင်ငံ၏လေပိုင်နက်ကိုဖြတ်ကျော်ပျံသန်းလျက်ရှိသော ခရီးသည်၊ ကုန်စည်တင်ဆောင်ပျံသန်းလျက်ရှိသော လေယာဉ်ကြီးများ၊ မိမိနိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆင်းသက်၊ ထွက်ခွာမည့် လေယာဉ်၊ ရဟတ်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာဆောင်ရွက်နိုင်ရေးအတွက် ၂၄ နာရီ ပတ်လုံး ဝန်ဆောင်မှုပေးနေရသည့်အတွက် အဓိကအရေးပါပြီး နိုင်ငံတော်ဘဏ္ဍာအတွက် နိုင်ငံခြားငွေရရှိရေးဆောင်ရွက်ပေးနေရသောကြောင့် ဂုဏ်ယူရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လေကြောင်းထိန်းဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားပြီး ယုံကြည်မှုအပြည့်ဖြင့် လေကြောင်းထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူဖြည့်တင်းပေးထားသော SCANSIM 3D Tower Simulator နှင့် Area Control Simulator များဖြင့် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားသွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗဟိုလေကြောင်းထိန်းသိမ်းမှု ကွပ်ကဲရေးစင်တာရှိ SCANSIN 3D SIMULATOR လေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေများ၊ Area Control Center ရှိ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဗဟိုလေကြောင်းထိန်းသိမ်းမှု ကွပ်ကဲရေးစင်တာနှင့် လေကြောင်းထိန်းတာဝါတွင် တာဝန်ထမ်းဆောင်နေကြသော လေကြောင်းထိန်းဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ ကျောပုံးမှအဆက်

ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာ နေရှင်နယ်လိဂ်ပြိုင်ပွဲ ပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ပွဲ ၂၀ နိုင် နှစ်ပွဲသရေ ရမှတ် ၆၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့ကာ အမှတ်ပေးချန်ပီယံဆုကို နှစ်ရာသီဆက် ရှုံးပွဲမရှိ စံချိန်ဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၅၁ မှတ်ဖြင့် အဆင့်(၂)၊ ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၄၄ မှတ်ဖြင့် အဆင့်(၃)၊ ဒဂုံစတားအသင်းက ရမှတ် ၄၀ မှတ်ဖြင့် အဆင့်(၄)၊ မဟာယူနိုက်တက်အသင်းက ရမှတ် ၃၃ မှတ်ဖြင့် အဆင့်(၅)၊ ရတနာပုံအက်ဖ်စီအသင်းက ရမှတ် ၃၁ မှတ်ဖြင့် အဆင့်(၆)၊ ISPE အသင်းက ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၇)၊ သစ္စာအားမာန်အသင်းက ရမှတ် ၂၃ မှတ်ဖြင့် အဆင့်(၈)၊ ရွှေဝတီယူနိုက်တက်အသင်းက ရမှတ် ၁၇ မှတ်ဖြင့် အဆင့်(၉)၊ ဒဂုံပေါ့အသင်းကလည်း ရမှတ် ၁၇ မှတ်ဖြင့် အဆင့်(၁၀)၊ ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၁၄ မှတ်ဖြင့် အဆင့်(၁၁)နှင့် မြဝတီအက်ဖ်စီအသင်းက ရမှတ် ကိုးမှတ်ဖြင့် အဆင့်(၁၂) နေရာတွင် အသီးသီးရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ STA

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❍ ပြည်ပနိုင်ငံသားများမှအဆက်

စုစုပေါင်း ၃၃၃၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၅၇၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အဆင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။ (မဝ)

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ



**ရန်ကုန် မတ် ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်၏ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စေတီတော်၏ မိုးကြိုးလွှဲကို မိုးတွင်းကာလမတိုင်မီ လျှပ်စစ်ပညာရှင်များနှင့် စစ်ဆေးဆောင်ရွက်သွားရန်၊ ရွှေစင်ရွှေပြားတပ်ဆင်မည့် နေရာများတွင် အင်္ဂတေကွာကျမှုများ ပြုပြင်ဆောင်ရွက်သွားရန် မှာကြားသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းဆောင်ရွက်မှုတွင် Gold Coating လဲလှယ်မှု ၁၀ လက်မပတ်လည် ရွှေချိန်တစ်ကျပ်သားတစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် အချပ်တစ်သောင်းလှူဒါန်းရန်သတ်မှတ်ထားပြီး စေတီတော်အား ယနေ့ထိ အချပ် ၇၉၄၀ ကပ်လှူထားရှိသည်။ Gold Plate လဲလှယ်မှု ၁၀ လက်မပတ်လည် ရွှေချိန် ခြောက်ကျပ်သားတစ်ချပ်လျှင် ငွေကျပ် သိန်း ၁၅၀ နှုန်းဖြင့် အချပ် ၁၂၀၀ လှူဒါန်းရန်သတ်မှတ်ထားရှိပြီး ယနေ့ထိ ၁၁၀၈ ချပ် လှူဒါန်းပြီးစီးခဲ့သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းများကို မတ်လအတွင်း ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်၍ စေတနာရှင်ပြည်သူများအနေဖြင့် ရွှေစင်ရွှေပြားများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၅) သို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၄) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက္ကသိုလ်များဗဟိုပညာရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၅) တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသည့် ဆရာတော်များနှင့်ပညာရှင်လူပုဂ္ဂိုလ်များက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၅) နှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက်ခုနစ်ရပ်ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စွမ်းအားများဖြင့်ဆောင်ရွက်ကြခြင်းသည် ကုသိုလ်တရားပင်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြည်လင်သည့်စိတ်နှလုံးဖြင့် ပြောဆိုဆောင်ရွက်ကြရကြောင်း၊ မိမိတို့ဆောင်ရွက်မှုများသည် အရိပ်ပမာ အစဉ်လိုက်ပါသည့်အတွက် အရိပ်နှင့်တူသော ကုသိုလ်ရကြောင်း၊ ထိုကုသိုလ်စေတနာဖြင့် ဆောင်ရွက်နေကြသည့်အဖွဲ့များအနေဖြင့် ရှေ့ဆက်ပြီး စေတနာအပြည့်ဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ပရိတ်တော်၊ ဒေသနာတော်၊ ပါဠိ - မြန်မာစာအုပ်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် အခမ်းအနားကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု



**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ စွယ်တော်မြတ်စေတီတော်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေရှိ လောကသရဖူဘုရားကြီးအား ဖူးမြော်ပြီး မဟာဇေယျပထ(ခ) မောင်အိုတံတားနှင့် အုတ်လမ်း၊ မြို့ရိုးနှင့် ကျုံးတို့ကို လိုက်လံကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပမည့် ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်းသို့ရောက်ရှိပြီး နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ရာ၌ အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်သည့် လယ်ယာ၊ စိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကပြခန်းများ၊ မျိုး၊ မြေ၊ ရေ၊ နည်းအထောက်အကူပြုအသိပညာပေးပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စက်ပစ္စည်းများ၊ မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များနှင့် သွင်းအားစုများဝယ်ယူနိုင်သည့် ပြခန်းဆိုင်ခန်းများနှင့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (မန္တလေး)သို့ ရောက်ရှိပြီး ဂန္ဓကုဋီတိုက်တော်အတွင်း ကိုးကွယ်ပူဇော်ထားသည့် စွယ်တော်မြတ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညို၍ ဂန္ဓကုဋီတိုက်တော်အတွင်းနှင့် စေတီတော်ရင်ပြင်တော်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးခရိုင် အင်းဝမြို့ဟောင်းရှိ လောကသရဖူစေတီတော်ကြီးသို့ရောက်ရှိပြီး အုတ်ပြာသာဒ်တော်အတွင်း၌ ၄၉၀ ဒသမ ၃၆ တန်ရှိ တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက် မြေပေါ်တစ်ဝက် စိုက်ထူ ထုဆစ်ပူဇော်ထားသည့် ဉာဏ်တော်အမြင့် ၁၈ တောင်နှင့် ၁ မိုက်၊ တင်ပျဉ်ခွေတော်အကျယ် ၁၂ တောင် ၁ မိုက်ရှိလောကသရဖူရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဘုရားကြီးအတွင်း၊ အပြင်အား လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦး - အင်းဝလမ်းပိုင်းရှိ မဟာဇေယျပထတံတား(ခ) မောင်အိုတံတားနှင့် အုတ်လမ်းကိုရှေးမူမပျက် ရေရှည်ပြုပြင်ထိန်းသိမ်းရေးအတွက် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊တတိယမြို့ရိုးရှိ စန္ဒာပူရီရေထိန်းတံခါးနှင့် တတိယမြို့ရိုး ရောဝတီမြစ်ကမ်းဘေးရှိ ဆင်ကျုံးခံတပ်တို့အား ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ မန္တလေးမြို့နှင့် တံတားဦးမြို့ အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေများသို့ လာရောက်သည့်ခရီးစဉ်၌ လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းများ မြန်ဆန်ပြည့်စုံ ပြီးမြောက်အောင်မြင်ရေး အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် မတ် ၁**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှပေးပို့ထုတ်လွှင့်နေသောအရုပ်၊ အသံအချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာနှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ယင်းဖြစ်စဉ်သည် ထုတ်လွှင့်သည့်ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း)အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outageဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၇ ရက်မှ ၁၇ ရက်ထိ နေ့စဉ် တစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signalပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဣန္ဒာသယကျောင်းတိုက် သန်းရတနာဓမ္မဗိမာန်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၁ ပါးနှင့် ဒေသခံပြည်သူ ၁၀၆ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မတ် ၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အပါအဝင် မြို့နယ် ၁၇ မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံ(ဂန္ဓီဆေးရုံ)၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရပ်ကွက်ရှိ ဆေးဝါးကျွမ်းကျင်တက္ကသိုလ်၌လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁)ရပ်ကွက်ရှိ တိုက်နယ်ဆေးရုံ၌လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ မြို့နယ် ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကစင်ကျေးရွာရှိ ရွှေလင်ပန်းတိုက်နယ်ဆေးရုံ၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်း၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် မတ်လ ပထမဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၃၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၄၆ ဒီဂရီဖာရင်ဟိုက်မှ ၅၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၄၈% မှ ၅၈% အတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၅၉% မှ ၆၉% အတွင်းနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၀% မှ ၈၀% အတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မီလီမီတာ ၃၀ မှ မီလီမီတာ ၄၀ အတွင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းနှင့် တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၄၁ မီလီမီတာမှ ၄၉ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် မီလီမီတာ ၅၀ မှ မီလီမီတာ ၆၀ အတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ (မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးနည်းပညာတက္ကသိုလ်နှင့် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တို့ရှိ ကျောင်းသားများကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အားပေး



**နေပြည်တော် မတ် ၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးနည်းပညာတက္ကသိုလ်နှင့် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တို့တွင် ရှင်လန်းချမ်းမြေ့စွာလေ့လာသင်ကြားလျက်ရှိကြသော ကျောင်းသားများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မန္တလေးနည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ပင်မစာသင်ဆောင်အနီး၌ လေ့လာပြီး သမ္မာကို အဖွဲ့လိုက် အပြန်အလှန်ဆွေးနွေးဖလှယ်လျက်ရှိသော ကျောင်းသားများနှင့် ကွင်းဆင်းတိုင်းတာခြင်းဆောင်ရွက်လျက်ရှိကြသော ကျောင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းများ၌ ရှင်လန်းချမ်းမြေ့စွာသင်ကြားလျက်ရှိကြသော ကျောင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိမိတို့၏ နည်းပညာများဖြင့် တစ်တပ်တစ်အားပါဝင်နိုင်ရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် ပြည်သူ့အကျိုးပြု အင်ဂျင်နီယာကောင်းများဖြစ်စေရေးရည်မှန်းလျက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်း ကဏ္ဍနှင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့တက်ရောက်၍ တက္ကသိုလ်စာကြည့်တိုက်သို့ ရောက်ရှိပြီး စာပေများလေ့လာဖတ်ရှုလျက်ရှိကြသောကျောင်းသားများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီးနောက် တာဝန်ရှိသူများထံ သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ရောက်ရှိခဲ့ပြီး AI ၊ EV ၊ E-services၊ E-commerce စသော သုတေသနပရောဂျက်များ၌ ကျောင်းသားများ၏ အဖွဲ့လိုက် Model နှင့် Web Application များ ရေးဆွဲတည်ထောင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ တိုးတက်ပြောင်းလဲမှုမြန်ဆန်လျက်ရှိသော ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ IT နည်းပညာအရွေ့တို့နှင့် အမီလိုက်ပါနိုင်ရေးနှင့် နိုင်ငံတကာနည်းပညာပြိုင်ပွဲများတွင် ထိုးဖောက်ယှဉ်ပြိုင်၍ နိုင်ငံ့ဂုဏ်ဆောင်ဆုများ ရရှိရေးကြိုးပမ်းဆောင်ရွက်ရန်တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စုဝေးခန်းမတွင် တာဝန်ရှိသူများ၊ ကျောင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အခက်အခဲလိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများထံ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလတို့အတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊မိုးသီးကြွေခြင်းနှင့်နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ်မြေပြင်၊ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ ထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလတို့အတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် မတ် ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မင်းဘူးမြို့အနီး မြေငလျင်လှုပ်ခတ်

**နေပြည်တော် မတ် ၁**

ယနေ့ညနေ ၃ နာရီ ၂၆ မိနစ် ၅၉ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ တောင်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မင်းဘူးမြို့၏ မြောက်-အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၂ ဒီဂရီ၊ အနက် ၁၂၃ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ထူးခြားသည့် နေ့အပူချိန်များ (၁-၃-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ရွှေကျင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| သိမ်ဇရပ် | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ခရမ်း | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မော်လမြိုင် | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| သထုံ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး နှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင် သောမီးသတ်ဆေးဘူးများကို အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊

(၇) သို့လှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**ကျော်တင့်(ရွှေခရမ်း)**

# နိုင်ငံ့စီးပွားအားကိုးအားထား တောင်သူလယ်သမားဦးကြီးများ

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ရှေးနှစ်ပေါင်း ထောင်ချီကာလကတည်းက မြန်မာနိုင်ငံ၏အဓိက ကျောရိုးလုပ်ငန်းတစ်ခုဖြစ်ပြီး စားနပ်ရိက္ခာထုတ်လုပ်မှုအတွက်သာမက ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကမဏ္ဍိုင်တစ်ခုလည်းဖြစ်သည်။ ယနေ့ခေတ်ကာလတွင် စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် အလွန်အရေးပါပြီး ထိုကဲ့သို့ နိုင်ငံ၏ အရေးပါသောစိုက်ပျိုးရေးကဏ္ဍကို မောင်းနှင်နေသော တောင်သူလယ်သမားဦးကြီးများသည် ကျေးဇူးတင်ထိုက်သည့် ခေတ်အဆက်ဆက်၌ အရေးပါသော လူတန်းစားတစ်ရပ်ပင်ဖြစ်သည်။

တောင်သူလယ်သမားများသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်တစ်ခုဖြစ်သည့် စားရေရိက္ခာဖူလုံရေးအတွက် အဓိကဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်နေကြသူများအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူ လူဦးရေ သန်း ၅၀ ကျော်၏ အဓိကစားရေရိက္ခာဖြစ်သည့် ဆန်ကို လုံလောက်အောင် စားသုံးရန်အတွက် နေပူပူ၊ မိုးရွာရွာ ပင်ပန်းဆင်းရဲစွာ ရုန်းကန်လှုပ်ရှားစိုက်ပျိုးနေကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းစွမ်းဆောင်နေကြသူများအဖြစ်လည်းကောင်း ရပ်တည်နေကြသူများဖြစ်သည်။

မြန်မာဘုရင်မင်းအဆက်ဆက်တွင် တောင်သူလယ်သမားများ၏ဘဝများမှာ တည်ငြိမ်အေးချမ်းစွာ ရပ်တည်နေထိုင်လုပ်ကိုင်ခဲ့ကြသော်လည်း ကိုလိုနီလက်အောက်သို့ အောက်မြန်မာနိုင်ငံကျရောက်သည့်အချိန်မှစ၍ နယ်ချဲ့အရင်းရှင်တို့သည် မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်များအပေါ် အမြတ်ထုတ် ကုပ်သွေးစုပ်လုပ်ကိုင်လာခဲ့သကဲ့သို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျယ်ပြန့်စွာ အမြတ်ထုတ်လာခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့က အောက်မြန်မာနိုင်ငံမြေခွန်တော်လက်စွဲနှင့် မြေနှင့်အခွန်တော်ဥပဒေပြဋ္ဌာန်းပြီး ကုန်သည်များအကျိုးဦးစားပေးကာ တောင်သူလယ်သမားများကို ဖိနှိပ်ခဲ့ကြသည်။ နယ်ချဲ့အရင်းရှင်တို့ စီးပွားတိုးတက်အားကောင်းလာသော်လည်း ကျေးလက်နေတောင်သူလယ်သမားလူတန်းစားများ၏ဘဝမှာ နည်းပညာမတတ်မြောက်မှု၊ အရင်းအနှီးမရှိမှု၊ အသိပညာအားနည်းမှုတို့ကြောင့် အကြွေးပတ်လည်ဝိုင်းကာ နောက်ဆုံးတွင် လယ်ယာများကို အရင်းရှင်တို့လက်သို့ ပေးအပ်ခဲ့ရသည်။ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်နှင့် ကြုံတွေ့ချိန်တွင် တောင်သူလယ်သမားများ လယ်ယာမဲ့ဘဝသို့ ရောက်ရှိသွားခဲ့ကြပြီး မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော တောင်သူလယ်သမားအရေးတော်ပုံပေါ်ပေါက်ခဲ့သည်။

ထိုအရေးတော်ပုံကို ဆရာစံက ခေါင်းဆောင်ခဲ့ပြီး တုတ်၊ ဓား၊ ဝါးချွန်၊ ဒူးလေး၊ ကောက်ဆွအစရှိသည့် ရရာလက်နက်များဖြင့် နယ်ချဲ့အင်္ဂလိပ်အစိုးရကို တော်လှန်ခဲ့ကြသည်။ အင်္ဂလိပ်တို့က ၎င်းအရေးတော်ပုံကို ပြင်းပြင်းထန်ထန်နှိမ်နင်းခဲ့ရပြီး ဆရာစံနှင့် ခေါင်းဆောင်များကို ဖမ်းဆီးကွပ်မျက်ခဲ့သဖြင့် တောင်သူလယ်သမားအရေးတော်ပုံ ရပ်နားသွားခဲ့သော်လည်း မြန်မာနိုင်ငံသားများစိတ်တွင် တော်လှန်ရေးစိတ်ဓာတ်များ နိုးကြားလာခဲ့ပြီး တောင်သူလယ်သမားများသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြသည်ကို တွေ့မြင်နိုင်ပေသည်။ တောင်သူလယ်သမားနေ့ကို ၁၉၆၃ ခုနှစ်မှစ၍ နှစ်စဉ် ဇန်နဝါရီ ၁ ရက်တွင် ကျင်းပခဲ့ကြသော်လည်း ဇန်နဝါရီလသည် တောင်သူလယ်သမားများ၏ လယ်ယာရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေခြင်း၊ အင်္ဂလိပ်နှစ်သစ်ကူးကာလကို ဂုဏ်ပြုသကဲ့သို့ဖြစ်နေခြင်းတို့ကြောင့် တောင်သူလယ်သမားနေ့ကို တော်လှန်ရေးကောင်စီ စတင်အာဏာရယူသည့် မတ် ၂ ရက်တွင် ပြောင်းလဲကျင်းပသင့်ကြောင်း တင်ပြခဲ့သည်။ ထို့ကြောင့် ၁၉၆၅ ခုနှစ်မှစ၍ တောင်သူလယ်သမားနေ့ကို မတ် ၂ ရက်အဖြစ် ပြောင်းလဲကျင်းပခဲ့သည်။

၂၀၂၄ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က "မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများတွင် အပါအဝင်ဖြစ်သော တောင်သူလယ်သမားများ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ပါက နိုင်ငံတစ်ဝန်းရှိပြည်သူများ စားဝတ်နေရေးနှင့် လူနေမှုဘဝတိုးတက်လာမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက အခြားသောကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့နိုင်ခြင်းကြောင့် ဝင်ငွေများတိုးတက်ရရှိလာပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံးက ကောင်းမွန်သောအခြေခံစိတ်ဓာတ်ဖြင့် လုံ့လ၊ ဝီရိယပေါင်းစပ်၍ အဘက်ဘက်က အကျိုးရှိအောင် ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်" ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

> ❖မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်တွင် နေထိုင်ကြပြီး အများစုမှာ တောင်သူလယ်သမား သို့မဟုတ် လယ်ယာစိုက်ပျိုးရေးကို အမှီသဟဲပြုအသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်။ မြန်မာနိုင်ငံ၏ အရေးပါသောစပါးအပါအဝင် အခြားသီးနှံများအားလုံးကို ပန်းတိုင်အထွက်နှုန်းရရှိစေရန် ဆောင်ရွက်နိုင်ပါက ပိုမိုရရှိလာမည့် သီးနှံများနှင့် ဝင်ငွေများက နိုင်ငံ့စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး တောင်သူလယ်သမားတို့၏ လူမှုဘဝများကိုလည်း မြင့်မားစေမည်ဖြစ်သည်။ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက်(၉)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးဟူ၍ စီးပွားရေးဦးတည်ချက်(၃)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းမှ ထုတ်လုပ်သောစားသုံးဆီဖြင့် လုံလောက်စေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျှော့ချစေနိုင်မည်ဖြစ်သောကြောင့် ပြည်တွင်းဆီထွက်သီးနှံတိုးမြှင့်ထုတ်လုပ်ရေးအတွက် ဆီထွက်သီးနှံများ ကေပြည့်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ချည်နှင့် ချည်ထွက်ပစ္စည်းတင်သွင်းမှု လျှော့ချနိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး ပိုလျှံပါက ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါသီးနှံတစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ခြင်းနှင့် အရည်အသွေးကောင်းဝါနှင့် ဝါဂွမ်းများရရှိရေးတို့ကို အဓိကရည်မှန်းဆောင်ရွက်လျက်ရှိသည်။

သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များအပြည့်အဝသုံးစွဲစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျယ်ကျယ်ပြန့်ပြန့်လေ့လာသိရှိနိုင်ရန်အတွက် မျိုးစေ့ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌ စက်ကိရိယာများအသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများစွမ်းအားပြည့်အသုံးပြုနိုင်ရေးအတွက် စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး ဖြန့်ဖြူးရောင်းချပေးခြင်းဖြင့် ခေတ်မီနည်းစနစ်များသုံးပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ယူရီးယား ဓာတ်မြေဩဇာများကို တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာပေါင်းစပ်သုံးစွဲရေး ပညာပေးခြင်း၊ နည်းပညာဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရာသီဥတု၊ ဈေးကွက်နှင့် လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်းနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်ပေးခြင်း၊ သတင်းစာများ၊ ဂျာနယ်များ၊ ပညာပေးစာစောင်များ၊ လယ်ယာစီးပွားသတင်းစာစောင်များ ထုတ်ဝေပေးခြင်း၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ဖြန့်ဝေပေးခြင်းစသည်တို့ဖြင့် တောင်သူလယ်သမားများအားလုံး လေ့လာသိရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

စားနပ်ရိက္ခာထုတ်လုပ်မှုကဏ္ဍ အဆင့်အတန်းမြင့်မားလာစေရန် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုပြီး မိရိုးဖလာလုပ်ကွက်ငယ်လယ်မြေများကို စက်မှုလယ်ယာစနစ်ဖော်ဆောင်သွားရေး၊ လယ်ယာကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေးတို့မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ စပါး၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံနှင့် ပဲမျိုးစုံ၊ ပြောင်းနှင့် ကော်ဖီစသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ မြေကိုစနစ်တကျ ပြုပြင်ဆောင်ရွက်ရေး၊ အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များမှန်ကန်ရေးနှင့် သီးထပ်စိုက်ပျိုးမှုတို့ဖြင့် စိုက်ပျိုးသီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်းရရှိအောင် စွမ်းဆောင်နိုင်ရေးတို့သည် လွန်စွာအရေးပါပေသည်။

နိုင်ငံတော်အတွက် စားရေရိက္ခာဖူလုံရေး၊ တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးတက်ရရှိရေး၊ ၎င်းတို့၏ လူနေမှုစီးပွားဘဝများမြင့်မားလာရေးနှင့် ပြည်ပဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက စိုက်ပျိုး၊ မွေးမြူရေးတောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အခြားဆက်စပ်ကဏ္ဍများကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်။ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုး၊ မွေးမြူရေးနည်းစနစ်များကို လေ့လာနှိုင်းယှဉ်၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး တီထွင်ဖန်တီးနိုင်စွမ်းများတိုးတက်လာစေရန် တိုက်တွန်းအားပေးခြင်းနှင့် လယ်ယာထွက်ကုန်သီးနှံများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့် နိုင်ငံတကာအဆင့်မီလက်ကားဈေးကွက် ပေါ်ပေါက်လာရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတလာပြီး ကုန်ဈေးနှုန်းများသင့်တင့်လာခြင်းနှင့် တောင်သူများအတွက် အကျိုးရှိလာစေမည်ဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်တွင် နေထိုင်ကြပြီး အများစုမှာ တောင်သူလယ်သမား သို့မဟုတ် လယ်ယာစိုက်ပျိုးရေးကို အမှီသဟဲပြု အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်။ မြန်မာနိုင်ငံ၏ အရေးပါသောစပါးအပါအဝင် အခြားသီးနှံများအားလုံးကို ပန်းတိုင်အထွက်နှုန်းရရှိစေရန် ဆောင်ရွက်နိုင်ပါက ပိုမိုရရှိလာမည့် သီးနှံများနှင့် ဝင်ငွေများက နိုင်ငံ့စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး တောင်သူလယ်သမားတို့၏ လူမှုဘဝများကိုလည်း မြင့်မားစေမည်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသူများ၊ တိုင်းပြည်၏ ကျေးဇူးရှင်များဖြစ်သည့် တောင်သူလယ်သမားတို့၏ ဘဝမြင့်မားရေးကို ရှေးရှုဆောင်ရွက်ပေးခြင်းသည် တိုင်းပြည်၏ စွမ်းအားကိုပါ မြင့်မားစေခြင်းပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**
- **၂၀၂၄ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာ။**

ဝတ္ထုတိုကဏ္ဍ

# အိမ်စိုးမေ ရင်ခုန်ရပြန်ပြီ

ကျွန်းစဉ်မြေစောခက်



(၁)

နောင်တော်ကြီး မြစ်ပင်လယ်ထဲတွင် ပေါလော ပေါ်နေသော ငပသုန်ကျွန်းသည် တောင်အသွယ်သွယ် တောအထပ်ထပ်ဖြင့် သာယာလွန်းလှသည်။ တောင်စဉ်တောင်တန်းများနှင့် ပင်လယ်ကမ်းခြေကြားတွင် ငပသုန်ရွာကြီး တည်ရှိ၏။ မုတ်သုံလေရိုင်းနှင့် ပင်လယ်ရေလှိုင်းတို့၏ မထီမဲ့မြင်ပြုမှုကို ငပသုန်ရွာ၏ စိမ်းဖန့်သော အုန်းပင်တန်းကြီးက ကာကွယ်ထားသည်။

ကျွန်းရိပ် ညိုပြာ ငပသုန်ရွာသို့ ဧည့်သည်များ တဖွဲဖွဲရောက်လာကြပေပြီ။ သူတို့မှာ ကျွန်းချင်း၊ရွာချင်းကပ်နေကြသည့် ကျွန်းစဉ်ဒေသရွာများက ရေတံငါများပင်ဖြစ်ကြသည်။ ရမ်းဗြဲကျွန်းနှင့် ဖရုံကာကျွန်းများဘက်က ရေလုပ်သားများလည်း ရာသီချိန်ကျလျှင် ရောက်လာတတ်ကြသည်။ ကြတ်စင်ကျွန်း တောင်ဘက်စွန်း အငူရွာမှ ပိုက်သမားများလည်း ရောက်တတ်ကြသည်။

ငပသုန်ကျွန်းသည် နတ်များဖန်ဆင်းထားသည့် ကျွန်းများဖြစ်နေလေရော့လားမသိ။ လာစမ်းဟဲ့ ချစ်ဧည့်သည် များချင်သလောက်များ၊ ရောက်ချင်သလောက်ရောက်၊ မြေနေရာမလောက်မငဆိုတာ မရှိစေရဘူး။ ရွာပြင်ကမ်းစပ် အနားသတ်တွေဖြစ်ကြတဲ့ ရွာဟောင်းပြင်၊ ရွှေတူချိုင်၊ လောင်းထားချိုင်၊ ငွေသာတောင်၊ ဝါးတောင်မော်၊ ကုလားမတောင်မော်စသည်ဖြင့် နေရာတွေက အလျှိုအလျှို။ သစ်ပင်ကလေးတွေကို ခုတ်လှဲ၊ တောတန်းကလေးကိုရှင်း၊ မြေကလေးကို ညှိလိုက်ရုံဖြင့် တံငါတဲတန်းလျားကလေးများ အစီအရီဖြစ်ပေါ်သွားကြတော့သည်။ စည်ကားသည်ဟု မဆိုသာသော်လည်း ပင်လယ်ပြင်အလှနဲ့ သဘာဝတော့ကျလှသည်။

ဘင်္ဂလားပင်လယ်အော်ကြီးသည် မြေပုံမြို့နယ်အပိုင်းတွင် ပင်လယ်ပြင်ထဲ၌ ကျွန်းပေါင်းမြောက်မြားစွာကို မွေးဖွားပေးလိုက်သည်။ မြို့နယ်ပိုင်နက်အတွင်း ကျွန်းပေါင်း ၁၄၅ကျွန်းထိ ရှိကြောင်း လေ့လာမှတ်သားဖူးသည်။ ကွမ်းချောင်း၊ နောင်တော်ကြီး၊ နတ်စဖို၊ ကျွန်းသူရဲ၊ ဆင်ကျိန်၊ ထုံးကျိန်၊ မျောက်ကျိန်၊ ငပသုန်နှင့် ငမန်းရဲကျွန်းတို့မှာ ထင်ရှားသည်။ ဤကျွန်းတောင်ကြီးများ၏ကြားတွင်ဘင်္ဂလားပင်လယ်၏ အဆွယ်အပွားမြစ်ကြီး၊ မြစ်ငယ်၊ မြစ်လက်တက်များကလည်း အသွယ်သွယ်။ နောင်တော်ကြီးမြစ်၊ ဝက်ရေမြစ်၊ ကွမ်းချောင်းမြစ်၊ ဘဝန်းမြစ်၊ ထုံးကျိန်မြစ်၊ ဆင်ကျိန်မြစ်၊ အစိုင်းကြီးမြစ်နှင့် ဟံတာပင်လယ်စသည်ဖြင့် တွက်ရေမရလောက် အောင်များပြားလွန်းလှသည်။

ဤမြစ်မကြီးငယ် အသွယ်သွယ်တို့သည် ရေမုဆိုးတံငါသည်များ အသက်မွေးရာ စားကျက်၊ စီးပွားရှာရာ ပစ်မှတ်၊ ငါးဖမ်းရာသတ်ကွင်းဆိုက မှားအံ့မထင်မိပေ။ စက်လှေဖြင့်တစ်မျိုး၊ ရွက်လှေဖြင့်တစ်နည်း၊ တက်ခတ်၍တစ်ဖုံ ဘဝပေးအစုံစုံ ဇာတ်ရုပ်တွေက လောကသရုပ်ကို ဖော်ထုတ်နေကြလေရဲ့။

(၂)

ပွင့်လင်းရာသီနံနက်ခင်းမို့ ရှင်နေမင်းက တဖြည်းဖြည်းအင်အားပိုမိုပြည့်လာပြီး လောကကြီးအပေါ် အလင်းအား ဖြာဝေမှုမြင့်မားလာခဲ့သည်။ နောင်တော်ကြီးမြစ်ပြင်ကျယ်ကြီးထဲမှာတော့ ရွက်ကလေးတွေ တယမ်းယမ်းနဲ့ ပိုက်လှေတွေက လှုပ်တုပ်လှုပ်တုပ်။

''ဟဲ့ ဟဲ့ ရှေ့ကတွေ့လား။ အဲငါး ငါးအုပ်လေ''

''ဟုတ်တယ် ဟုတ်တယ်။ ကြာထွန်းအောင်နဲ့စံထွန်းသာ မင်းတို့လှေကို ခပ်တင်းတင်းဆွဲခတ်ပေးကြကွာ''

ပိုက်ခေါင်းဆောင် အောင်ကျော်ဇံ စကားအဆုံးတွင် ပိုက်ချသမားဘစောမောင်က လောလိုက်ရာ ကြာထွန်းအောင်နှင့် စံထွန်းသာခတ်တက်ကို ပြိုင်တူဆွဲခတ်လိုက်ကြ၏။ ရင်အုပ်ကားကား ကြွားရရားနဲ့ ပင်လယ်ပျော်ရေလုပ်သားတို့ အားမာန်ပြည့်စွမ်းအားအပြမှာ လှေပြေးအားက ကောင်းသလား မမေးနဲ့ မြင်းဇောင်းမှလွှတ်သည့်မြင်းနှယ် ဒုန်းစိုင်းပြေးနေလေရဲ့။ ဟော ငါးအုပ်ကို မီလာပေပြီ။

'' ကဲ ပိုက်ချမယ်''

စစ်မြေပြင်တွင် တပ်မှူးတစ်ဦး၏ အမိန့်ပေးသံနှယ် ပိုက်ခေါင်းဆောင်အောင်ကျော်ဇံ၏ အမိန့်ပေးသံက ဟိန်းထွက်သွားသည်။

ပိုက်ချသမား ဘစောမောင်၊ လှထွန်းကျော်တို့ကလည်း ပိုက်ကိုပစ်ချနေလိုက်ကြသည်မှာ ဇာတ်ဆိုင်းဝိုင်းထဲက ဆိုင်းဆရာလက်လိုပဲ တလှုပ်လှုပ်နဲ့ အလုပ်ရှုပ်နေကြပေပြီ။ ပွဲကိုင်ပိုက်ခေါင်းဆောင် အောင်ကျော်ဇံကလည်း တက်ခတ်သူတွေကို အားမရနိုင်လို့ထင်ရဲ့။ လှော်တက်ကိုရေထဲသို့ နာနာနှစ်ပြီး ခပ်ကြမ်းကြမ်းဖိ လှော်ပေး၏။

ငါးလှသာပိုက်မှာ ပိုက်ကွက်ကသေးသေးလေး၊ လက်သန်းပြူကလေးမျှသာရှိသည်။ ၂၀ မီတာ ကွက်ပိုက်တစ်လက်၏ အလျားမှာ လက်လံ ၇၀ထိရှည်သည်။ အမြင့်က နှစ်တောင့်တစ်ထွာပဲရှိ၏။ လက်ခတ်လှေဆိုလျှင် ပိုက်လက် ၂၀ထိ ဆက်ပြီးပိုက်ချသည်။ စက်လှေသမားများကတော့ ပိုက်လက် ၃၀ ထိ ဆက်ချကြသည်။ အားနဲ့ဝန် ဆန်နဲ့အိုး မျှဖို့လိုသည်ကိုး။

ငါးလှသာအုပ်မှာ ငါးကောင်ရေလွန်စွာများလှသည်။ လယ်ကွင်းပြင်ကြီးထဲ စပါးကြဲပတ်ထားသည့်နှယ် မြစ်ပြင်တစ်ခုလုံးပြည့်ကာ ဖွေးဖွေးလှုပ်လှုပ်၊ ငါးလှသာငါးအုပ်ကြီး ရေထဲပြေးလွှားနေကြသည်မှာ အလွန်လျင်မြန်သည်။ မြုန်းခနဲပျောက်လျှင်ပျောက်သွားတတ်သဖြင့် ပဋ္ဌလက်ဆန်သည်ဟုလည်း ပြောနိုင်၏။ ငါးပေါ်သည့်အချိန်တွင် ပိုက်ဝိုင်းမိအောင် ပိုက်သမားတွေကလည်း မြန်ရသည်။ လျင်ရသည်။ သွက်ရသည်။ ကျွမ်းကျင်ရသည်။

ပိုက်အပေါ်ပိုင်းတွင် အနက်ရောင်ပန်းဖော့သီးများကို တပ်ထားကြ၏။ ပိုက်လက်တိုင်းတွင် လက်ရင်း လက်ဖျားဖော့များ ထည့်ပေးထားကြရသည်။ ငါးအုပ်ကို ပိတ်မိအောင် ဝိုင်းပတ်ပြီး ပိုက်ချကြရသည်။ ပိုက်မှာရေပေါ်တွင် ပေါ်မျောနေ၏။ ငါးလှသာမှာ ငါးသေးသေးသာဖြစ်ပြီး အဖြူရောင်ကြည်ကြည်ကလေး အရောင်အဆင်းရှိသည်။ အရောင်ဖွေးဖွေး လက်လက်လေးမို့ ပုလဲရောင်ထပြီး မျက်စိပသာဒရှိလှသည်။

ငါးအုပ်ကြီးကို ဝိုင်းမိပြီဆိုလျှင် ပိုက်သမားတို့မှာ အားရမှု၊ ကျေနပ်မှုတို့နှင့်အတူ သည်းထိတ်ရင်ဖိုဖြစ်ကြရသည်။ ငါးတွေဖမ်းရင်း ရယူလိုမှု ဆန္ဒတရားတွန်းအားများနှင့်အတူ ရင်ခုန်လှိုက်မောကြရသည်မှာ ငါးဖမ်းသမား ရေတံငါတို့၏ ခံစားမှု ဘဝရသတစ်ခုပင်ဖြစ်သည်။ ငါးအုပ်ပေါ်လာလျှင် ထမင်းအိုးပွက်သည့်နှယ် ကျွက်ကျွက်ဆူနေတတ်ကြသည်။

ပိုက်အခြေအနေနှင့် ငါးအုပ်၏ လှုပ်ရှားမှုကို ပိုက်သမား ၅ယောက်စလုံး အာရုံစူးစိုက်ကြည့်လိုက်ကြ၏။ ရယူလိုမှု လောဘတရားသည်လည်း ရေတံငါတို့၏ ရင်ဘတ်အသီးသီး၌ အသံတိတ်လှုပ်ရှားနေကြ၏။

''ဒီတစ်ခါတော့ ဟုတ်ပုံပါပဲဟေ့''

ပိုက်ခေါင်းဆောင်အောင်ကျော်ဇံ၏ ပါးစပ်ပေါက်ဆီက ကျေနပ်မှုစကားစုကလေးတစ်ခု မတိုးမကျယ် ထွက်သွားသည်။

'' ပိုက်နစ်သွားပြီဗျ''

ကြာထွန်းအောင်ထံမှ အသံတစ်သံပေါ် လာပြန်သည်။

''ကဲ ပိုက်ဖော်မယ်ကွာ''

ဘယ်နှေးလိမ့်မလဲ။ပိုက်သမားလက်တွေပဲလေ။ ပိုက်ခေါင်းဆောင်၏ သွေးညှိလက်ကမ်းသံကို ကြားလိုက်ရတယ်ဆိုရင်ပဲ ပိုက်သမားတို့ကား တာဝန်ကိုယ်စီယူပြီး ပိုက်ကိုဆွဲတင်လိုက်ကြပေပြီ။ ပိုက်မှာ ချည်သေးပြီး အမြင့်စောက်တိုလှသဖြင့် လုပ်ရကိုင်ရသည်မှာ လွယ်ကူမှုရှိလှသည်။ ဟောပိုက်တစ်ဖောင်လုံးလှေပေါ်ရောက်လာခဲ့ပေပြီ။ ပိုက်လှေတစ်စီးလုံးတွင် ပိုက်လက်များနဲ့ထွေးကာ ငါးလှသာငါးလေးများ ဖွေးဖွေးလက်ကာ ပုံနေကြပေပြီ။ တောင်ပုံယာပုံဆိုတာမျိုး ပါပဲ။

''တို့ ဒီလောက်များတဲ့ငါးကို အခုဒီမှာ လှေထဲခါချဖို့မလွယ်ဘူး ရွာကိုပြန်မယ်ကွာ။ ရွာပြန်ပြီး ပိုက်ခါချမှ အဆင်ပြေမယ်။ ငါးတွေက မုန့်ကျံပဲ''

ငါးအလွန်ကျပြီး ပိုက်တစ်ဖောင်လုံး ဖွေးဖွေးဖြူနေလျှင် မုန့်နှစ်ရည်ဖြင့် လိမ်းကျံထားသလိုမျိုး ဖြစ်နေသဖြင့် ပိုက်သမားတွေက ''မုန့်ကျံ''ဟု တင်စားခေါ်ဝေါ်လေ့ရှိကြသည်။

ကြာထွန်းအောင်၊ စံထွန်းသာ၊ လှထွန်းကျော်နှင့် ဘစောမောင်တို့မှာ ရှေ့တိုးနောက်ငင်၊ အားသွန်ခွန်စိုက် လှေထိုးလိုက်နေကျမို့ ခတ်တက် ၄ချောင်းဖြင့် ပြိုင်တူဆွဲခတ်လိုက်ကြရာ ပိုက်လှေကလေးမှာ ဒုန်းစိုင်းပြေးနေပေပြီ။ပိုက်ခေါင်းဆောင် အောင်ကျော်ဇံကမူ လှေဦးဖျားကို ငပသုန်ကျွန်း ကုလားမတောင်မော်ဘက်သို့ ဦးတည်ပေးထားလိုက်၏။

ယနေ့ ငပသုန်ကမ်းခြေမှ ပင်လယ်ပြင်သို့ ထွက်လာခဲ့ကြသော ပိုက်လှေစီးရေ ၇၀ ကျော်ခန့်ရှိပေလိမ့်မည်။ သည်နေ့ကား ပိုက်သမားတို့ နတ်လိုက်သောနေ့ပေ လောမသိ။ ပိုက်လှေအတော်များများ နေမွန်းမတည့်မီ ရွာဆီသို့ ပြန်လာကြပေပြီ။ စက်လှေမောင်းသူမောင်း၊ တက်ခတ်သူခတ်၊ လေသင့်သူများက ရွက်နှင်၍ တစ်မျိုး ဝမ်းသာမှုတွေ ကျေနပ်မှုတွေ ရင်မှာပိုက်ပြီး အိမ်ပြန်နေကြပေပြီ။ ပိုက်သမားများ ဘဝခံစားချက်နှလုံး အိမ်ထဲမှာတော့ အိမ်ပြန်မော့မော့ ဖြစ်နေကြပေပြီ။

အိမ်သူဆွေ ချစ်သက်ထားနှင့် တံငါရင်သွေးကလေးတို့ကလည်း ကမ်းခြေမှမျှော် အော်သူအော် ခေါ်သူခေါ် ပျော်ပျော်ကြီး ကြိုဆိုနေကြလေရဲ့။

ပင်လယ်မြစ်ချောင်းများတွင် ငါးဖမ်းကြသူများမှာ တံငါအသိ ပိုက်သမားအသိရှိရသည်။ သတိထားကြရသည်။ ရေကြီးရေထရက်တွင် ဖမ်းရသောငါးမျိုး၊ ရေသေတွင်လိုက်ရသော ရေသတ္တဝါမျိုးဆိုသည်များကို နားလည်ရသည်။

သို့သော် ငါးလှသာဟု ခေါ်ကြသော ငါးရှူးအုပ်များကို ထောင်ဖမ်းရာ၌ကား ရေကြီးချိန်ကို ရွေးရန်မလိုသလို ရေသေရက်ကိုလည်း မစောင့်စားရ။ ရေကြီးချိန်လည်း ပိုက်မျှော၍ရသည်။ ရေသေရက်လည်း ငါးရှာ၍ ဖြစ်သည်။ သို့ဆိုလျှင် စိန်ခေါ်မှုပေါင်းများစွာဖြင့် စိန်ခေါ်နေသော ကမ္ဘာကြီး၏ ပြောင်းလဲမှုများကို ရိပ်မိစေရန် ငါးလှသာပိုက်သမား တို့အား လက်တို့နေချေလေပြီတကား။

(၃)

''ဖုန်း ဖြန်း ဖုန်း ဖြန်း''

စာမျက်နှာ ၂၅ သို့ ➤

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ မတ်ပဲ ၁၅၂၃ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၉ ဒသမ ၀၃ တင်းထွက်ရှိ



**မင်းကင်း မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၅၂၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၀၃ တင်း ထွက်ရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲ စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာမတ်ပဲ ၃၀၀၂ ဧက ထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခု လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၅၂၃ ဧကရိတ်သိမ်းပြီးစီး ပြီဖြစ်ပါတယ်။မတ်ပဲသီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။မတ်ပဲစိုက်ပျိုးရာသီမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊မျိုးတွေ၊ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မတ်ပဲ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲ အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ရေးဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၅၉ ဧကထိ စိုက်ပျိုးပြီးစီး

**မအူပင် မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း၂၁၅၉ ဧကထိ စိုက်ပျိုးပြီးစီးဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၄၈ ဧကလျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း၂၁၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၂၃၄၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ပဲတီစိမ်း ၂၁၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း အပါအဝင် ဆောင်းသီးနှံတွေ လျာထားဧကပြည့်အောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ လိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးပြီး သီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်ကောင်းလာဖို့ကိုလဲ ဆက်လက်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"ဟု မအူပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။



ပဲတီစိမ်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းအထွက်နှုန်း တိုးတက်အောင် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မအူပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

---

➤ **စာမျက်နှာ ၂၄ မှအဆက်**

"ဖုန်း ဖြန်း ဖုန်း ဖြန်း"

"ဖုန်း ဖြန်း ဖုန်း ဖြန်း"

ပိုက်သမားတို့၏ တံငါတဲတန်းလျားများဘက်မှ ကျွက်ကျွက်ညံအောင် ထွက်နေသော အသံဗလံများပင်ဖြစ်သည်။ စည်းချက်ညီညီ သံစဉ်မှန်မှန်ပေါ်ထွက်နေပေရာ ခေတ်ပေါ်ဂီတသံများလား အောက်မေ့ရသည်။ ရေတံငါတို့၏ လှုပ်ရှားမှုများမှာ သဘာဝတရားက ဘဝနရီစည်းဝါးတိုက်ပြီး သံစဉ်ညှိပေးလျှင် ကျေနပ်စရာလည်း ကောင်းလှပေသည်။

တဖုန်းဖုန်း တဖြန်းဖြန်း အသံတွေမြည်သွားတိုင်း လင်းခနဲ လက်ခနဲ အဆုပ်လိုက် မြင့်တက်သွားပြီး ငါးလှသာငါးကလေးများ မြေပေါ်သို့ ပုံကျသွားကြသည်။ အကြောင်းတရားသော်ကား ပင်လယ်ပြင်ငါးဖမ်းစဉ် ပိုက်တွင်ထွေးပြီး ငြိပါလာသော ငါးလှသာများကို ပိုက်သမားများက ငါးခါချနေကြခြင်းပင်ဖြစ်သည်။ ငါးလှသာ ငါးလေးများမှာ သေးသေးမျှင်မျှင်ကလေးဖြစ်သည့်အပြင် ဆူးတောင်ဆူးလက်ပါသောငါးမျိုးမဟုတ်သဖြင့် ခါချလိုက်တိုင်း ပိုက်ထဲမှအလွယ် တကူထွက်ကျလာကြသည်။ ခါချရင်းနှင့် တဖြည်းဖြည်းမြေပေါ်တွင် တောင်ပုံ ယာပုံဖြစ်လာသည်။ အဝေးကလှမ်းကြည့်လိုက်လျှင် ဖွေးဖွေးလက်နေသော ပုလဲလုံး ကလေးများကို ပုံထားသည့်နှယ်လည်း တူလှသည်။ လွန်စွာကြည့်၍ကောင်းလှပေ၏။ အားရဖွယ်ရာပင်။

ပိုက်ခါချနေကြသော ပိုက်သမားများမှာလည်း ပိုက်ကိုနှစ်ယောက်တစ်တွဲစီ အတူကိုင်ပြီး ဟန်ချက်ညီညီ လှုပ်ခါနေကြရာ အဝေးမှဖြန်းခနဲ လှမ်းကြည့်လိုက်လျှင် ကကွက်တစ်ခုအတွက် စည်းချက်ကျအောင် သရုပ်ဆောင် ဇာတ်တိုက်နေကြသည့် ဇာတ်သမားများနှင့်လည်း တူလှပေ၏။

"မိန်းမရေ ငါးကောက်တာများ မတို့ရဲ၊ မကိုင်ရဲသလိုဘဲ။ မြန်မြန်လုပ်စမ်းပါဟ"

"တို့ရဲ့မလား ယောကျ်ားရေ။ တော်တို့ရလာတာ ပုလဲလုံးလေးတွေလေ"

"ဟာ မိန်းမကတော့ကွာ အပြောက မိုက်တယ်"

"ဟား ဟား ဟား ဟား"

"လှထွန်းကျော်ရေ မင်းတို့ကြည့်ရတာ အားကျစရာကြီးကွာ"

"အားကျမနေနဲ့ကိုယ့်လူ လုပ်ရင်ဖြစ်တယ်။ ဒီခေတ်က လက်တွေ့ခေတ်၊ မင်းကို မလှဖ့် မျက်စပစ်နေတာတွေ့သားပဲ"

"အောင်မယ်လေး ကိုယ့်လူရေ ပြောစရာရှားလို့ ငါက ၃၀ကျော်ပြီသူကလဲ ၃၀ကျော်ရုံမကဘူး ၄၀တောင်ပြည့်ရှော့မယ်ထင်ပါတယ်။ မဖြစ်နိုင်ပေါင်"

ဆက်လက်ဖော်ပြပါမည်။

---

## ရှင်သန်ခြင်းလှပစေ

\- ရိုးသားစွာ ကြိုးစားလို့
တန်ဖိုးထား ဘဝတာ၊
ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်
အမိုက်ရှောင်ခွာ၊
ရှင်းသန့်လို့ တည်ကြည်ကာ
အစဉ်လာ စိတ်ရွှင်လန်း၊
တွေးမြော်မြင် စနစ်ကျ
ဘဝတက်လမ်း။

\- ဖွဲလုံ့လ ဝီရိယစွမ်း
လျှောက်သောလမ်း မှန်ကန်နေ၊
တတ်ပညာ ဗဟုသုတ
ရှိကြပါစေ၊
ရှေ့ဆက်ဖို့ မတွေဝေ
ဘဝအခြေ အောင်မြင်ရေး၊
ဘဝတာ ဂုဏ်တင့်လို့
မြင့်မြတ်စေလေး။

\- ပြောဆိုနေထိုင် ယဉ်ကျေး
ချိုသာအေး စကားသီ၊
ပြုံးမျက်နှာ အစဉ်လန်းလို့
အေးချမ်းစေမည်၊
နှလုံးလှ စိတ်ထားရည်
ဖေးကူညီ ပရဟိတ၊
စည်းကမ်းနှင့် ကျင့်သိက္ခာ
စောင့်ထိန်းကာ မေတ္တာထုံးဖွဲ့
အမုန်းမဲ့စွာ နေထိုင်ရင်းကွယ်
ရှင်သန်ခြင်းလှ။ ။

**ကိုရွှေတောသား(ဆင်ကူး)**

---

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တက္ကသိုလ်ဝင်စာမေးပွဲကြီးအောင်မြင်ဖို့ အကောင်းဆုံးကြိုးစားဖြေဆိုသွားစေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**❖တစ်နှစ်ပတ်လုံးကြိုးစားထားသော ကျောင်းသား၊ ကျောင်းသူများသည် အတန်းတင်စာမေးပွဲအတွက် အသင့်ဖြစ်နေမည်ဟု ယုံကြည်မိသည်။ စာမေးပွဲကြီးတွင် ဘာသာရပ်အလိုက် ဂုဏ်ထူးထွက်ရန်နှင့် အမှတ်ကောင်းကောင်းရရှိရန်အတွက် မေးခွန်းများကို နားလည်စွာဖတ်မှတ်ပြီးမှသာ ဖြေဆိုသွားသင့်သည်။ အထူးသဖြင့် အဖြေလွှာတွင် မိမိဖြေဆိုသော မေးခွန်းနံပါတ်ကို စနစ်တကျ ရေးသားခြင်း၊ ဖြေဆိုခြင်း၊ မျဉ်းသားခြင်း၊ ပြန်လည်စစ်ဆေးခြင်း တို့ကို ဆောင်ရွက်သွားရန် လိုအပ်သည်။❖**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ပြည်သူအားလုံး ပညာတတ်မြောက်မှုနှုန်းအပေါ်တွင် များစွာမူတည်လျက်ရှိသောကြောင့် ကမ္ဘာ့နိုင်ငံ အသီးသီးသည် နိုင်ငံသားများ၏ ပညာရည်မြင့်မား ရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ၊ သုတေသန လုပ်ငန်းများပြုလုပ်၍ ငွေကြေးရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြသည်။ ထို့အတူ မြန်မာနိုင်ငံ တွင်လည်း တိုင်းရင်းသားပြည်သူများမှ မွေးဖွားလာ သော မျိုးဆက်သစ်ရင်သွေးငယ်များ ပညာရည် မြင့်မားရေးအတွက် ပညာရေးကဏ္ဍတွင် ငွေကြေး မြောက်မြားစွာ ကျခံသုံးစွဲပြီး အလေးထားဆောင်ရွက် လျက်ရှိသည်။

**ဘဝအချိုးအကွေ့**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် KG+12 တက္ကသိုလ်ဝင် စာမေးပွဲကြီးကို မတ် ၁၇ ရက်တွင် စတင်ကျင်းပ သွားမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကြီး ၌ ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၂ ဒသမ ၂ သန်း ကျော်ရှိသည်။ စာမေးပွဲကြီးဖြေဆိုရန် နှစ်ပတ်လောက် သာလိုတော့သည်။ တစ်ဘာသာကို ပြန်လည် လေ့ကျင့်ချိန် နှစ်ရက်လောက်သာ ရရှိနိုင်မည်ဖြစ် သည်။ ကလေးများအတွက် အရေးကြီးသောကာလ သို့ ရောက်ရှိနေပြီဖြစ်သည်။

တချို့သောကျောင်းများသည် သင်ရိုးပြတ်နေပြီ ဖြစ်သည့်အတွက် ပြန်လှန်လေ့ကျင့်ခန်းများ လုပ်ပြီး နေပြီဖြစ်သည်။ ထို့ပြင် Final Exam မေးခွန်းပုံစံ အတိုင်း အမှတ် ၁၀၀ မေးခွန်းကိုလည်း အစမ်းဖြေဆို ပြီးနေပြီဖြစ်သည်။ စင်စစ်အားဖြင့် တက္ကသိုလ်ဝင် စာမေးပွဲသည် လူငယ်တို့၏ ဘဝအချိုးအကွေ့တစ်ခု ပင်ဖြစ်သည်။ ပညာသင်နှစ်အစကတည်းက ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် အတန်းတင် စာမေးပွဲဖြေဆိုရန် အသင့်ဖြစ်နေကြမည်ဖြစ်သည်။ သင်ခန်းစာများကိုလည်း အပြန်ပြန်အလှန်လှန် လေ့ကျင့်နေမည်ဟု ယုံကြည်မိသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူး ဖြင့် အောင်မြင်သည့် ကျောင်းသား၊ကျောင်းသူတစ်ဦး သည် မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်တစ်ခုခုကို စိတ်ကြိုက်ရွေးချယ်ပြီး တက္ကသိုလ်ပညာကို ဆက်လက် လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းပညာ တက္ကသိုလ်များကို တက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။

အမှတ်နည်းသူ၊ ဂုဏ်ထူးမပါသူများမှာမူ အောင်မှတ်ဖြင့် သတ်မှတ်ထားသည့် ဘာသာရပ် တစ်ခုခုကိုသာ ရွေးချယ်သွားရမည်ဖြစ်သည်။ စာမေးပွဲ ကျရှုံးသူများသည် အစကနေ ပြန်စကြရမည်ဖြစ် သည်။ အသက်တစ်နှစ်ကြီးသွားမည်ဖြစ်သည်။ ငွေကြေးကိုရှာဖွေ၍ ရရှိနိုင်သော်လည်း ကုန်ဆုံး သွားသောအချိန်ကိုမူ မည်သည့်အရာနှင့်မျှ အစားထိုး၍မရချေ။ ထို့ကြောင့် တက္ကသိုလ်ဝင် စာမေးပွဲသည် လူငယ်များ၏ အနာဂတ်ဘဝကို အဆုံးအဖြတ်ပေးနိုင်သဖြင့် အထူးအလေးထား ဖြေဆိုရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသောပညာရေး စနစ်အရ တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများအတွက် ဘဝတစ်ဆစ်ချိုးစာမေးပွဲကြီး ဖြစ်သည်။ ထိုစာမေးပွဲတွင် အမှတ်ကောင်းကောင်း ဖြင့်သာ အောင်မြင်မည်ဆိုလျှင် မိမိဝါသနာပါသည့် ဘာသာရပ်ကို ရွေးချယ်နိုင်ခွင့်ရှိမည်ဖြစ်သည်။ အမှတ်နည်းနေမည်ဆိုလျှင် ဆန္ဒနှင့်ဘဝ တစ်ထပ် တည်းကြနိုင်မည်မဟုတ်ချေ။ ပညာသင်နှစ် အစကတည်းက စနစ်တကျကြိုးစားခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် ပြန်လှန်လေ့ကျင့် ခန်းများလုပ်ပြီးနေလောက်ပြီဟု ထင်သည်။ ထို့ပြင် စာမေးပွဲကြီးဖြေဆိုရန်အတွက်လည်း အသင့်ဖြစ်နေ လောက်ပြီထင်သည်။

**ကျန်းမာရေးသည်သာ အခရာ**

သင်ခန်းစာအားလုံး ကျေညက်နေသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျန်းမာရေး ကိုသာ အထူးဂရုစိုက်ရန် လိုသည်။ စာမေးပွဲကြီးဖြေဆို ခါနီးအချိန်တွင် ကျန်းမာရေးချူချာနေမည်ဆိုလျှင် ထင်ထားသလောက် အမှတ်ကောင်းကောင်းရနိုင် မည်မဟုတ်ချေ။ စာမေးပွဲနီးမှ ညဥ့်နက်သန်းခေါင် စာကျက်နေမည်ဆိုလျှင် အားအင်ချည့်နဲ့ပြီး ကျန်းမာရေးချူချာလာမည်ဖြစ်သည်။ တချို့သော ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲကာလ တွင် မိုးလင်းထိစာကြည့်ကြပြီး ကျောင်းမသွားမီ ရေချိုး လိုက်သည့်အခါ တစ်ညလုံးကျက်မှတ်ထားသော စာအားလုံး မေ့ပျောက်သွားကြသည်။ များစွာနစ်နာ လှသည်။ အထူးသဖြင့် စာမေးပွဲကာလတွင် အိပ်ရေး ဝအောင် အိပ်သင့်သည်။ သို့မှသာလျှင် စာမေးပွဲခန်း ထဲ၌ စိတ်ရွှင်လန်းနေပြီး ကျက်မှတ်ထားသည့် စာများအားလုံးကို မှတ်မိနေမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကလေး အားလုံးအတွက် အရေးကြီးဆုံးအချက်သည် ကျန်းမာရေးဒေါင်ဒေါင်မြည်နေရန်ပင် ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင် စားသောက်ရန် လိုအပ်သည်။ အချိန်မှန်အိပ်၊ အချိန်မှန်စားရန် လိုသည်။ ရေချိုးရာတွင်လည်း ဆင်ခြင်ရန် လိုသည်။ နွေးနွေးထွေးထွေးလုံလုံခြုံခြုံ နေရန် လိုအပ်သည်။

**အချိန်ဇယားရှိမှသာ**

တက္ကသိုလ်ဝင်တန်း တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူတစ်ဦးသည် ဘာသာရပ် အလိုက် လေ့လာကျက်မှတ်သည့် အချိန်ဇယားရှိ သင့်ပေသည်။ အချိန်ဇယားမရှိသူများသည် အချိန် တွေ ပိုနေတတ်သည်။ အချိန်ဇယားရှိသည့် ကျောင်းသားတစ်ဦးအတွက် စက္ကန့်တိုင်းတန်ဖိုးရှိနေ မည်ဖြစ်သည်။ စာမေးပွဲကြီးနီးလာသည့် အချိန်တွင် ခဏတစ်ဖြုတ်အနားယူပြီး သီချင်းနားထောင်၊ ရယ်စရာဇာတ်လမ်းတွဲတိုလေးတွေသာ ကြည့်သင့် သည်။ အညောင်းအညာမမိစေရန် ကျန်းမာရေး လေ့ကျင့်ခန်းလုပ်ပြီးမှ ရေချိုးသင့်သည်။

**ဖိအားမပေးသင့်**

တချို့သော မိဘများသည် ကလေးများကို စာမေးပွဲနီးမှသာ ညဥ့်နက်သန်းခေါင်စာကျက်ခိုင်း လေ့ရှိကြသည်။ မအိပ်ချင်စေရန် လက်ဖက်သုပ်များ စားခိုင်းသည်။ ကော်ဖီ၊ လက်ဖက်ရည်များ သောက်ခိုင်းသည်။ အချဉ်များစားခိုင်းသည်။ ငှက်သိုက်၊ ကြက်ပေါင်းရည်နှင့် လစ်ပို၊ ကျွဲရိုင်းကဲ့သို့သော အားဖြည့်အချိုရည်ဘူးများ တိုက်ကြသည်။ ထိုသို့လုပ်ခြင်းကြောင့် ကလေးသည် စာကျက်မရ သည့်အပြင် အိပ်ရေးပျက်ထားသောကြောင့် စာမေးပွဲဖြေဆိုရာတွင်လည်း စိတ်ရွှင်လန်းမှု၊ ဦးနှောက်ကြည်လင်မှုမရှိတော့ပေ။ အကျိုးဆက် အနေဖြင့် စာမေးပွဲကျရှုံးကြရတတ်သည်။

ထို့ပြင် တချို့သောမိဘများသည် ဗေဒင်နှင့် အခါတော်ပေးများလုပ်ခိုင်းသည့်အတိုင်း ကလေးများ ကို မဟုတ်မဟတ်ဂါထာများရွတ်ခိုင်းသည်။ ကလေး များသည် မဟုတ်မဟတ်ဂါထာများ ရွတ်နေရသဖြင့် စာနွေးချိန်ပင်မရတော့ပေ။ စာကျက်မှတ်နေသည့် ကလေးများကို စိတ်အနှောင့်အယှက်ဖြစ်စေရန် မလုပ်သင့်ပေ။ အမှန်စင်စစ်မှာမူ ပညာသင်နှစ် အစကတည်းက စာကို ပုံမှန်ကျက်မှတ်သူများသည် မည်သည့်အဆောင်ယတြာမျှ မလိုအပ်ပေ။ ဂုဏ်ထူး များစွာဖြင့်ပင် အောင်မြင်နေကြသည်။ ထို့ကြောင့် မိဘများအနေဖြင့် စာမေးပွဲကာလတွင် ကလေးများ ကို ဖိအားမပေးမိဖို့ အထူးဂရုပြုရန် လိုအပ်သည်။

**ကြိုတင်ပြင်ဆင်ထားရန်လို**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲ အတွက်လိုအပ်သည့် ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ကွန်ပါဘူးများကို စနစ်တကျကြိုတင်ပြင်ဆင်ထား သင့်ပေသည်။ စာမေးပွဲဖြေဆိုရာတွင် ဘောပင်အသစ် ဖြင့် ဖြေဆိုမည်ဆိုလျှင် မင်လိုက်မကောင်းသဖြင့် ရေးသားရာတွင် စိတ်အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် ဘောပင်၊ ခဲတံများကို ကြိုတင်၍ အစမ်း ရေးထားသင့်သည်။ မင်လိုက်ကောင်းသော ဘောပင် အမျိုးအစားကို ဝယ်ထားသင့်သည်။ ခဲသားချောသည့် ခဲတံသည် ပုံဆွဲရာတွင် အဆင်ပြေစေသည်။ တချို့သောခဲတံများသည် အရောင်မှိန်သဖြင့် ရုပ်ပုံ နှင့် မျဉ်းကြောင်းများမေးမှိန်နေတတ်ပေသည်။ ထို့အတူ တချို့သောခဲဖျက်များသည် ပျက်မသွားဘဲ အဖြေလွှာများတွင် မဲညစ်ကျန်တတ်သဖြင့် အရည် အသွေးကောင်းမွန်သောခဲဖျက်များကို ဝယ်ထားသင့် သည်။ တတ်နိုင်ပါက စာမေးပွဲအတွက် လိုအပ်သော အထောက်အကူပစ္စည်းအားလုံးကို အသစ်ဝယ်ပြီး ကြိုတင်စမ်း၍ သုံးကြည့်ထားသင့်သည်။

**ဘာသာတရားကိုင်းရှိုင်းရန်လို**

စာမေးပွဲဖြေဆိုကြမည့် ဗုဒ္ဓဘာသာဝင်ကလေးများ အနေဖြင့် ရတနာသုံးပါးနှင့် အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးကို မမေ့သင့်ပေ။ စာမေးပွဲဖြေဆို မည့်နေ့တွင် ကျောင်းသို့မသွားမီ မြတ်စွာဘုရား ရှေ့မှောက်တွင် ငါးပါးသီလခံယူ၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ မိဘများကို ကန်တော့ခြင်း၊ သတ္တဝါများကို မေတ္တာပို့ခြင်းများ ဆောင်ရွက်သွား သင့်သည်။ စာမေးပွဲခန်းစောင့် ဆရာ၊ ဆရာများ၊ ကျောင်းစောင့်နတ်များကို မေတ္တာပို့သွားသင့်သည်။ မေတ္တာစွမ်းအားသည် မမျှော်လင့်သောအခက်အခဲ များကိုကျော်လွှားနိုင်သည်။

**တက္ကသိုလ်ဝင်စာမေးပွဲကြီးအောင်မြင်ဖို့ အကောင်းဆုံး ကြိုးစားဖြေဆိုသွားစေလို**

တက္ကသိုလ်ဝင်တန်း တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်နှစ် အစကတည်းက ကျောင်းစာကို ပုံမှန်ကျက်မှတ်ခြင်း၊ ကျန်းမာရေးလိုက်စားခြင်း၊ ရတနာသုံးပါးကို ကြည်ညိုကိုင်းရှိုင်းခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး ပြုမူ ကျင့်ကြံနေထိုင်ကြိုးစားသွားမည်ဆိုလျှင် အတန်းတင် စာမေးပွဲကြီး၌ ထူးချွန်စွာ အောင်မြင်နိုင်မည်ဟု အခိုင်အမာဆိုဝံ့သည်။ စာမေးပွဲကျရှုံးသည့် ကျောင်းသား၊ ကျောင်းသူအများစုသည် စာမေးပွဲ ဖြေဆိုနည်းမတတ်ခြင်း၊ မေးခွန်းအပေါ် နားလည်မှု မရှိခြင်းတို့ကြောင့်ဖြစ်သည်။ အထူးသဖြင့် ကိုယ်စီ ဝီရိယစိုက်ထုတ်ကြိုးစားအားထုတ်မှု လျော့နည်း သောကြောင့်ဖြစ်သည်။ ကျောင်းသားမိဘများအပိုင်း ကလည်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကလေးငယ်များကို လျစ်လျူရှုမထားဘဲ လိုအပ်ချက် များကို အထူးဂရုစိုက်ဖြည့်ဆည်းပေးသင့်ပေသည်။

တစ်နှစ်ပတ်လုံးကြိုးစားထားသော ကျောင်းသား၊ ကျောင်းသူများသည် အတန်းတင်စာမေးပွဲအတွက် အသင့်ဖြစ်နေမည်ဟု ယုံကြည်မိသည်။ စာမေးပွဲကြီး တွင် ဘာသာရပ်အလိုက် ဂုဏ်ထူးထွက်ရန်နှင့် အမှတ်ကောင်းကောင်းရရှိရန်အတွက် မေးခွန်းများ ကို နားလည်စွာဖတ်မှတ်ပြီးမှသာ ဖြေဆိုသွားသင့် သည်။ အထူးသဖြင့် အဖြေလွှာတွင် မိမိဖြေဆိုသော မေးခွန်းနံပါတ်ကို စနစ်တကျရေးသားခြင်း၊ ဖြေဆို ခြင်း၊ မျဉ်းသားခြင်း၊ ပြန်လည်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုအပ်သည်။ တချို့သော ကျောင်းသား၊ ကျောင်းသူများသည် တစ်နှစ်ပတ်လုံး ကြိုးပမ်းထားသော်လည်း စာမေးပွဲဖြေဆိုရာတွင် ခြေချော်လက်ချော်ဖြစ်သွားတတ်သည်။ မျှော်မှန်း ထားသလောက် ဂုဏ်ထူးမရကြတော့ပေ။ ဘာသာရပ် အလိုက် ရမှတ်လည်း နည်းသွားတတ်ကြသည်။

ဆိုရလျှင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်း များ၌ KG+12 တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် လျှောက်လွှာတင်သွင်းထားသော ကျောင်းသား၊ ကျောင်းသူအားလုံးသည် ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်တွင် စာမေးပွဲကြီးဖြေဆိုကြရတော့မည်ဖြစ် သည်။ ဖြေဆိုရန် ရက်အနည်းငယ်လောက်သာ လိုပါ တော့သည်။ ကျန်ကာလတွင် ဘာသာရပ်အလိုက် စနစ်တကျအချိန်ဇယားရေးဆွဲကာ ဖတ်မှတ်လေ့ကျင့် သွားရန် လိုအပ်သည်။ ထိုစာမေးပွဲကြီးသည် အထက်တန်းကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲကြီး လည်းဖြစ်သည်။ ထိုစာမေးပွဲတွင်သာ ထူးချွန်စွာ ဖြေဆိုနိုင်မည်ဆိုလျှင် မိမိဆက်လက်ဆည်းပူးသော တက္ကသိုလ်ကို တက်ရောက်ခွင့်ရကြမည်ဖြစ်သည်။

စင်စစ်အားဖြင့် ပညာသင်နှစ်အစကတည်းက ပုံမှန်လေ့လာသင်ယူကျက်မှတ်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် ဆန္ဒနှင့်ဘဝ တစ်ထပ်တည်း ဖြစ်ကြမည်ဖြစ်သည်။ စာမေးပွဲကြီးနီးကပ်လာပြီ ဖြစ်သဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ရန် လိုအပ် သည်။ မိဘများကလည်း ကလေးများကို စိတ်ချမ်း သာအောင်ထားသင့်သည်။ မည်သို့ပင်ဆိုစေကာမူ ကျောင်းသားလူငယ်များအနေဖြင့် အဆုံးအဖြတ် ပေးမည့် အတန်းတင်စာမေးပွဲကြီး၌ မေးခွန်းများကို နားလည်အောင် အပြန်ပြန်အလှန်လှန်ဖတ်ပြီး အောင်မှတ်ရရှိအောင်၊ တတ်နိုင်ပါက ဂုဏ်ထူးအမှတ် များရရှိသည်ထိ ဖြေဆိုနိုင်ကြပါစေကြောင်း ဆန္ဒပြု ရေးသားလိုက်ရပါသည်။

# ကလေးမြို့နယ်တွင် ပဲတီစိမ်း ၉၀၁၂ ကေထိ ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၀၆ တင်း ထွက်ရှိ



ကလေး မတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ပဲတီစိမ်း ၉၀၁၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၀၆ တင်း ထွက်ရှိကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ကေ ၉၁၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာယနေ့တွင် ၉၀၁၂ ကေထိရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၀၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ကေ ၉၁၉၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၉၀၁၂ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်စေရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် ပဲတီစိမ်းများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မင်းလှ မတ် ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ကျောက်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၃၈ ဒသမ ၈ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၀ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉ သန်း ထုတ်ချေးပေးထားကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ပြောပြ၍ သိရသည်။

သုတ

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း နှံ့ကားစပါးတင်းရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် မတ် ၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း နှံ့ကားစပါးတင်းရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက နှံ့ကားစပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း နှံ့ကားစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် စားသုံးမှုများသည့် စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နှံ့ကားစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ နှံ့ကားစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလည်း အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်" ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း နှံ့ကားစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း၊ အဆိုပါနှံ့ကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# တိုက်ကြီးမြို့နယ် အိုင်ကလောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

တိုက်ကြီး မတ် ၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြ ကျေးရွာထူထောင်ရေး စီမံကိန်း (Smart Village)ဖြင့် အိုင်ကလောင် ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ အိုင်ကလောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အိုင်ကလောင်ကျေးရွာ၌ လမ်းအရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) ရန်ပုံငွေကျပ် ၃၉ ဒသမ ၉ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၄၆ သန်း စုစုပေါင်းငွေကျပ် ၄၅ ဒသမ ၃၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေထံမှ သိရသည်။

အထွေး

# မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြဝတီ မတ် ၁

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ထော်သလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မယ်ထော်သလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

ကိုသက်

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မောရစ်ရှနိုင်ငံတွင် ဂါရန့်ဆိုင်ကလုန်းမုန်တိုင်းကြောင့်ပိတ်ထားရသော အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပြန်လည်ဖွင့်လှစ်




**ပို့လူးဝစ် မတ် ၁**

မောရစ်ရှနိုင်ငံတွင် ဖေဖော်ဝါရီ ၂၇ ရက်က ဂါရန့်ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး Sir Seewoosagur Ramgoolam International Airport အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီ ပိတ်ထားခဲ့ရပြီး မုန်တိုင်းအခြေအနေ ပြန်လည်တည်ငြိမ်သွားခဲ့သည့်အတွက် ဖေဖော်ဝါရီ ၂၈ ရက်တွင် လေဆိပ်ကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း မောရစ်ရှအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂါရန့် ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်ပြီး မောရစ်ရှမိုးလေဝသဦးစီးဌာနက မုန်တိုင်းအခြေအနေတည်ငြိမ်သွားပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီးနောက် Sir Seewoosagur Ramgoolam International Airport လေဆိပ်ကို ပြန်လည်ဖွင့်လှစ်ရန် မောရစ်ရှအစိုးရက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လေဆိပ်ပြန်လည်ဖွင့်လှစ်ပြီဖြစ်သည့်အတွက် လေဆိပ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုလည်း ပုံမှန်အတိုင်း အလုပ်ပြန်ဆင်းရန် အဆိုပါလေဆိပ်တာဝန်ခံကုမ္ပဏီဖြစ်သည့် Airports of Mauritius Ltd က အသိပေးအကြောင်းကြားခဲ့သည်။

"မောရစ်ရှ မိုးလေဝသဦးစီးဌာနက မုန်တိုင်းအခြေအနေတည်ငြိမ်သွားပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာလာတဲ့အတွက် Sir Seewoosagur Ramgoolam International Airport လေဆိပ်ကို ပုံမှန်အတိုင်း ပြန်လည်ပတ်သွားမှာဖြစ်ပါတယ်။ လေကြောင်းခရီးစဉ်တွေကိုလဲ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမှာ ဖြစ်ပါတယ်"ဟု Airports of Mauritius Ltd မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်းအနီးတွင် နှင်းမုန်တိုင်းကျရောက်ခဲ့ပြီး လူ ၄၁ ဦးပိတ်မိနေ

**နယူးဒေလီ မတ် ၁**

အိန္ဒိယနိုင်ငံ ဧရိယာအတွင်းရှိ ဟိမဝန္တာတောင်တန်းဖြင့် ထိစပ်နေသည့် အက်ထရာခန်ပြည်နယ် ဘက်ရီနက်ဒေသအနီးတွင် ဖေဖော်ဝါရီ ၂၈ ရက်က နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ကာ လူ ၄၁ ဦး ပိတ်မိနေကြောင်း Border Roads Organisation (BRO) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နှင်းမုန်တိုင်းကြောင့် ဟိမဝန္တာတောင်တန်းရှိ ရေခဲတောင်ပြိုကျရာမှ အနီးပတ်ဝန်းကျင်ရှိ ဒေသခံများ အသက်ဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ဆီးနှင်းများ ထုထပ်စွာကျဆင်းနေမှုကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ရှိနေကြောင်း၊ ဆီးနှင်းများ ထုထပ်စွာကျဆင်းမှုကြောင့် ပိတ်မိနေသည့်ဒေသခံ ၄၁ ဦးရှိနေသကဲ့သို့ ဒေသခံ ၁၆ ဦးကိုလည်း အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ် ပေးထားကြောင်း၊ ပိတ်မိနေသော ဒေသခံ ၄၁ ဦးကို ကယ်ထုတ်ပေးနိုင်ရေး ကယ်ဆယ်ရေးဝန်ထမ်းများက ကြိုးစားပေးနေပြီး ပိတ်မိနေသူအားလုံးကို အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းပေးနိုင်ရန် ကြိုးစားနေကြောင်း အက်ထရာခန်ပြည်နယ် ဝန်ကြီးချုပ် ပွတ်ရှ်ကာဆင်းဟ်ဒါမီက ပြောကြားခဲ့သည်။

"နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နှင်းတောင်ပြိုကျခဲ့ပြီး အနီးပတ်ဝန်းကျင်က ဒေသခံတချို့ပိတ်မိနေပါတယ်။ ပိတ်မိနေတဲ့ ဒေသခံ ၄၁ ယောက်ရှိနေပြီး ဘေးကင်းရာကို အမြန်ဆုံးရွှေ့ပြောင်းပေးနိုင်ဖို့အတွက် ကယ်ဆယ်ရေး ဝန်ထမ်းတွေအနေနဲ့ အကောင်းဆုံး ကြိုးစားပေးနေပါတယ်။ အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးထားတဲ့ ဒေသခံ ၁၆ ယောက်ရှိပါတယ်"ဟု အက်ထရာခန်ပြည်နယ် ဝန်ကြီးချုပ် ပွတ်ရှ်ကာဆင်းဟ်ဒါမီက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေး ဝန်ထမ်းများအနေဖြင့် ပိတ်မိနေသော ဒေသခံ ၄၁ ဦးကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနိုင်ရေးအတွက် ကြိုးစားနေသော်လည်း နှင်းတောင်ပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေ၍ ကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်ယူသွားရဖွယ်ရှိနေကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



# နီပေါနိုင်ငံ ကတ်မန်ဒူမြို့အနီးတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ခတ္တမန္ဒူ မတ် ၁**

နီပေါနိုင်ငံ ကတ်မန်ဒူမြို့အနီးတွင် ဖေဖော်ဝါရီ ၂၈ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း နီပေါနိုင်ငံ National Earthquake Monitoring and Research Centre က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ပြင်းအားများပြီး အခြေခံအဆောက်အအုံတချို့ ပျက်စီးမှုရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူ မရှိသေးကြောင်း၊ ငလျင်သည် မြေအောက်အနက် ၁၀ ကီလိုမီတာ အကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်လှိုင်းရိုက်ခတ်မှုအား ပြင်းထန်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ငလျင်လှိုင်းရိုက်ခတ်ခဲ့သောဧရိယာသို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်နေပြီး စစ်ဆေးမှုပြုလုပ်ထားသောဧရိယာတစ်လျှောက် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း၊ သို့သော်လည်း ငလျင်လှိုင်းရိုက်ခတ်ခဲ့သောဧရိယာအားလုံးသို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း National Earthquake Monitoring and Research Centre က ထုတ်ပြန်ခဲ့သည်။



"လောလောဆယ် အချိန်ထိတော့ ငလျင်လှိုင်းဒဏ်သင့်ခဲ့တဲ့ ဧရိယာအတွင်းမှာ နေထိုင်တဲ့ ဒေသခံတွေ ထိခိုက်ဒဏ်ရာရရှိသူ မရှိသေးပါဘူး။ အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့တာတော့ရှိပါတယ်။ အခြေခံအဆောက်အအုံတချို့ အသေးစားပျက်စီးမှုရှိခဲ့တာကိုတော့ ရဲတပ်ဖွဲ့က ဓာတ်ပုံမှတ်တမ်းပေးပို့လာတာတော့ ရှိပါတယ်။ ဆိုးဆိုးရွားရွားပျက်စီးတာမျိုးတော့ မရှိပါဘူး"ဟု National Earthquake Monitoring and Research Centre မှ ပြောရေးဆိုခွင့်ရှိသူ ကိုရှီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# Petrobras ကုမ္ပဏီကို အမေဇုန်သစ်တောကြီးဝိုင်းအနီး ရေနံတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် ဘရာဇီးအစိုးရသဘောထားကို IBAMA က ကန့်ကွက်

**ဘရာဇီးလီးယား မတ် ၁**

ဘရာဇီး အမေဇုန်သစ်တောကြီးဝိုင်းအနီးတွင် ရေနံတူးဖော်ရေးလုပ်ကွက်များ ဆောင်ရွက်သွားရန်အတွက် Petrobras ကုမ္ပဏီကို လုပ်ကိုင်ခွင့်ပြုရန် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ဘရာဇီးသဘာဝပတ်ဝန်းကျင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်အေဂျင်စီ (IBAMA) နှင့် ဆွေးနွေးညှိနှိုင်းရန် အကြောင်းကြားစာ ပေးပို့ရာတွင် IBAMA က တုံ့ပြန်ခဲ့ခြင်းမရှိဘဲ ကန့်ကွက်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Petrobras ကုမ္ပဏီကို ရေနံတူးဖော်ခွင့်ပေးမည့် ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး IBAMA က သဘောတူမှု ခွင့်ပြုပေးသွားမည်ဟု သမ္မတလူလာဒါဆေးလ်ဗားက ပြောကြားခဲ့ပြီး အဆိုပါစီမံကိန်းကို ခွင့်ပြုသွားရေးမှာ IBAMA ၏ ဥက္ကဋ္ဌရိုဒရီဂိုပေါ် မူတည်ကြောင်း၊ ရိုဒရီဂိုအနေဖြင့်လည်း တစ်ဦးတည်းဆုံးဖြတ်ပေး၍ မရသည့်ကိစ္စဖြစ်ပြီး IBAMA ၏ ဘုတ်အဖွဲ့ဝင်များသဘောတူမှသာ သဘောတူပေးနိုင်မည်ဖြစ်ကြောင်း၊ ဘရာဇီးသမ္မတလူလာဒါဆေးလ်ဗား ကိုယ်တိုင်ကလည်း IBAMA အနေဖြင့် စီမံကိန်းကို ငြင်းဆန်ဖွယ်ရှိနေကြောင်း ပြောကြားခဲ့သည်။

"အမေဇုန်သစ်တောကြီးဝိုင်းအနီး ရေနံတူးဖော်ရေးလုပ်ငန်း စီမံကိန်းကို ခွင့်ပြုပေးဖို့အတွက် ဆွေးနွေးသွားဖို့ကို IBAMA က ကန့်ကွက်ပါတယ်။ လက်ခံဆွေးနွေးလို့မရတဲ့ အခြေအနေဖြစ်ပါတယ်"ဟု ဘရာဇီးသဘာဝပတ်ဝန်းကျင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်အေဂျင်စီ (IBAMA) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ဖြူစင်စိတ်ထား ကောင်းကျိုးများ

မင်္ဂလာပါ ကလေးတို့ရေ။ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးရဲ့နာမည်ကတော့ ဖြူစင်စိတ်ထား ကောင်းကျိုးများဆိုတဲ့ ပုံပြင်ကလေးပဲဖြစ်ပါတယ်။

ဟိုးရှေးရှေးတုန်းက ထန်းနှစ်ပင်လို့ခေါ်တဲ့ ရွာကလေးတစ်ရွာမှာ မောင်သစ္စာလို့ခေါ်တဲ့ လူငယ်ကလေးတစ်ယောက်နေထိုင်သတဲ့ကွယ်။ မောင်သစ္စာကလေး ငယ်ငယ်ကတည်းက မိဘနှစ်ပါးစလုံး ကွယ်လွန်သွားခဲ့တာကြောင့် တစ်ယောက်ထဲနေထိုင်ရင်း ဘဝကိုဖြတ်သန်းနေရတာပေါ့ကွယ်။ မောင်သစ္စာကလေးဟာ တစ်ယောက်ထဲ အဖော်မဲ့နေရပေမဲ့ ပျင်းရိစိတ်တွေမရှိဘူးတဲ့ကွယ်။ မောင်သစ္စာကလေးဟာ နေ့တိုင်းတောထဲသွားထင်းခွေပြီး ရွာမှာပြန်ရောင်းတဲ့အလုပ်ကို လုပ်နေတာပေါ့ကွယ်။ နေ့တိုင်းတောထဲဝင်ပြီး ထင်းခွေနေရတာ ပင်ပန်းဆင်းရဲပေမဲ့ မောင်သစ္စာကလေးဟာ မညည်းညူခဲ့ဘူးပေါ့။ ထင်းရောင်းပြီးရလာတဲ့ ငွေစကလေးတွေကိုလဲ လှူတာလှူ စုတာစုနဲ့ရိုးသားဖြူစင်တဲ့ လူငယ်ကလေးတစ်ယောက်ပေါ့ကွယ်။ မောင်သစ္စာကလေးဟာ ရပ်ရေးရွာရေးကိစ္စတွေမှာလဲ တတ်စွမ်းသလောက် ကူညီလုပ်ကိုင်ပေးတတ်လို့ ထန်းနှစ်ပင်တစ်ရွာလုံးက မောင်သစ္စာကလေးကို ခင်မင်ကြတာပေါ့ကွယ်။

မောင်သစ္စာကလေးဟာ မနက်တိုင်းရွာထိပ်က စေတီလေးဆီသွားပြီး ဘုရားပန်းကပ်၊ ရေလှူ တံမြက်လှည်းလို့ အမြဲကောင်းမှုကုသိုလ်တွေ လုပ်ပြီးမှ တောထဲထင်းခွေဖို့သွားသတဲ့ကွယ်။ ပြီးတော့ သက်ကြီးရွယ်အိုအဘိုးအဘွားတွေက အကူအညီတောင်းရင်လဲ ဘယ်အခါမှမငြင်းဘဲ အကူအညီပေးတဲ့ စိတ်ထားကောင်းတဲ့လူငယ်ကလေးတစ်ယောက်ပေါ့ကွယ်။ မောင်သစ္စာကလေးဟာ သူတတ်နိုင်သမျှ ကူညီပေးခွင့်ရရင်ပဲ ပျော်နေခဲ့တာပေါ့ကွယ်။

"ဘကြီးညိုအတွက် ကျွန်တော် တောင်ဝှေးလေး တစ်ချောင်းခုတ်လာခဲ့တယ်"

"သာဓု သာဓု သာဓုပါ ငါ့မြေးရယ်။ ငါ့မြေးလေး သွားလေရာဘေးမသီရန်မခဘဲ လိုရာဆန္ဒပြည့်စုံပါစေ"လို့ ဘကြီးညိုက ဆုပေးလိုက်တော့ မောင်သစ္စာကလေးက ဝမ်းသာပျော်ရွှင်သွားသတဲ့ကွယ်။ မောင်သစ္စာကလေးဟာ သူပေးလိုက်တဲ့ တောင်ဝှေးလေးနဲ့ ဘကြီးညိုလမ်းလျှောက်နေတာကိုမြင်တဲ့ အခါတိုင်း ကြည်နူးပီတိဖြစ်နေခဲ့တာပေါ့။ မောင်သစ္စာကလေးဟာ သူထင်းရောင်းပြီး ရှာထားတဲ့ငွေစကလေးတွေကို သက်ကြီးရွယ်အိုအဘိုးအဘွားတွေ အတွက်လဲ အမြဲပေးလှူခဲ့သတဲ့။ ပြီးတော့ မောင်သစ္စာကလေးဟာ ငွေတွေအများကြီးစုမိလာတဲ့တစ်နေ့ ကျရင် မိဘနှစ်ပါးအတွက်ရည်စူးပြီး ရွာထိပ်က စေတီလေးကို ရွှေသင်္ကန်းကပ်ကာ ကောင်းမှုကုသိုလ် လုပ်ပေးမယ်လို့လဲ တွေးထားခဲ့သတဲ့ကွယ်။ ဒါကြောင့်မို့ တောထဲဝင်ပြီး ထင်းခွေရတာပင်ပန်း



ဆင်းရဲပေမဲ့ မောင်သစ္စာကလေးဟာ ရည်မှန်းချက်ပြည့်ဖို့မနားဘဲ ကြိုးစားနေခဲ့တာပေါ့။ မောင်သစ္စာကလေးဟာ ထင်းရောင်းပြီး ရလာသမျှငွေတွေကိုလဲ အိုးတစ်လုံးထဲမှာထည့်ပြီး စုထားခဲ့သတဲ့ကွယ်။ သူစုထားတဲ့ငွေတွေ အိုးတစ်လုံးပြည့်တဲ့အခါကျရင် ခွဲပြီး ရည်မှန်းထားသမျှ လုပ်ရမယ်လို့ စိတ်ကူးရင်း ပျော်ရွှင်နေခဲ့သတဲ့။

ဒီလိုနဲ့ တစ်နေ့မှာတော့ မောင်သစ္စာကလေးရဲ့ အိမ်ကို သူခိုးဝင်ခိုးသွားသတဲ့ကွယ်။ မောင်သစ္စာကလေးဟာ တောထဲထင်းခွေသွားနေချိန်ဖြစ်လို့ သူခိုးဟာ မောင်သစ္စာကလေးရဲ့အိမ်ကပစ္စည်းတွေကို စိတ်ကြိုက်ရှာဖွေခိုးယူလို့ရခဲ့တာပေါ့ကွယ်။ သူခိုးဟာ မောင်သစ္စာကလေး စုထားတဲ့ငွေတွေကိုလဲ ရှာတွေ့သွားသတဲ့ကွယ်။ သူခိုးက မောင်သစ္စာကလေး အတွက် သုံးဖို့နည်းနည်းလေးတောင် ချန်မထားခဲ့တော့ဘဲ ရှာလို့ရသမျှအကုန်ယူသွားခဲ့တာပေါ့ကွယ်။ ထင်းခွေပြီး အိမ်ပြန်လာတဲ့မောင်သစ္စာကလေးဟာ အိမ်တံခါးပွင့်နေတာကိုမြင်တော့ မသင်္ကာဖြစ်ပြီး သူစုထားတဲ့ငွေလေးတွေရှိရာကို အမြန်သွားကြည့်လိုက်သတဲ့ကွယ်။ ငွေစုထားတဲ့အိုးကလေးဟာ ကွဲနေပြီး ငွေတွေလဲမရှိတော့တာကြောင့် မောင်သစ္စာကလေးဟာ ဝမ်းနည်းပြီး ငိုနေခဲ့တာပေါ့ကွယ်။ အိမ်ကရှိသမျှတွေ သူခိုးခိုးလို့ကုန်သွားခဲ့ပေမဲ့ မောင်သစ္စာကလေးဟာ စိတ်ဓာတ်မကျဘဲ "ငါပြန်ကြိုးစားပြီးရှာလို့ရတယ်"လို့တွေးရင်း အရင်ကထက် အလုပ်ပိုကြိုးစားနေခဲ့သတဲ့ကွယ်။

တစ်နေ့ တောထဲမှာ မောင်သစ္စာကလေး ထင်းခွေပြီး နားနေစဉ် အဘိုးအိုတစ်ယောက်လမ်းလျှောက်လာနေတာကို လှမ်းမြင်လိုက်သတဲ့။ အဘိုးအိုက ထင်းတစ်စည်းကို မနိုင်မနင်း ထမ်းလာနေတာကို မောင်သစ္စာကလေး မြင်သွားပြီး အပြေးသွားကာ ကူညီသယ်ပေးလိုက်သတဲ့ကွယ်။ မောင်သစ္စာကလေးရဲ့ဖြူစင်တဲ့စိတ်ထားလေးကို အဘိုးအိုက သဘောကျပြီး လိုရာပြည့်ပါစေလို့လဲ ဆုပေးလိုက်သတဲ့။ မောင်သစ္စာကလေးဟာ ဒီတောထဲမှာထင်းခွေနေတာကြာပြီဖြစ်ပေမဲ့ အဘိုးအိုကိုတစ်ခါမှမမြင်ဖူးလို့ အံ့သြနေခဲ့တာပေါ့။ ဒါပေမဲ့ မောင်သစ္စာကလေးဟာ သူနဲ့မဆိုင်လို့ဘာမှမမေးတော့ဘဲ တောထဲတစ်နေရာက အဘိုးအိုရဲ့အိမ်ကလေးထိရောက်အောင် ထင်းစည်းကို ထမ်းပြီးလိုက်ပို့ခဲ့သတဲ့ကွယ်။ အဘိုးအိုရဲ့အိမ်ကို ရောက်တော့ မောင်သစ္စာကလေးဟာ ထင်းစည်းကိုချပြီး အဘိုးအိုကိုနှုတ်ဆက်ကာ ပြန်လာခဲ့တာပေါ့။

ဒီလိုနဲ့ မောင်သစ္စာကလေးဟာ သူခုတ်ထားခဲ့တဲ့ ထင်းစည်းကိုကောက်ထမ်းလိုက်တဲ့အချိန်မှာ ထင်းစည်းထဲကနေ ထွက်ကျလာတဲ့ အထုပ်ကလေးတစ်ထုပ်ကို တွေ့လိုက်ရသတဲ့ကွယ်။ မောင်သစ္စာကလေးဟာ အံ့သြစိတ်နဲ့ ထွက်ကျလာတဲ့အထုပ်ကလေးကို ဖြေကြည့်လိုက်တော့ အထုပ်ထဲမှာ ရွှေငွေရတနာတွေ အပြည့်ဖြစ်နေခဲ့တာပေါ့။ ဒါနဲ့ပဲ မောင်သစ္စာကလေးဟာ သူထင်းစည်းလိုက်ပို့ရတဲ့ အဘိုးအိုရဲ့အထုပ်လေး ကျန်နေခဲ့တယ်ဆိုပြီး အဘိုးအိုရဲ့အိမ်ကိုပြန်သွားပေးသတဲ့ကွယ်။ ဒီလိုနဲ့ မောင်သစ္စာကလေးဟာ အဘိုးအိုရဲ့အိမ်ကိုလဲရောက်ရော အဘိုးအိုနဲ့အိမ်ကလေးကိုပါ မတွေ့ရလို့အံ့သြသွားခဲ့တာပေါ့။ ဒါနဲ့ပဲ မောင်သစ္စာကလေးဟာ အထုပ်ကလေးကိုပိုက်ပြီးပြန်လာခဲ့ရသတဲ့။ အိမ်ပြန်လမ်းတစ်လျှောက်မှာ မောင်သစ္စာကလေးဟာ သူ့ရဲ့ဖြူစင်တဲ့စိတ်ထားလေးကြောင့် နတ်ကောင်းနတ်မြတ်တွေ မစပြီလို့တွေးရင်း ဝမ်းသာပျော်ရွှင်နေခဲ့သတဲ့ကွယ်။

ကဲ…သားတို့ သမီးတို့ရေ ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။ ဒီပုံပြင်လေးထဲမှာပါတဲ့ မောင်သစ္စာကလေးဟာ သူ့ရဲ့ဖြူစင်တဲ့စိတ်ထားလေးနဲ့အခြားသူအပေါ်ကူညီတတ်တဲ့အကျင့်ကောင်းလေးတွေကြောင့် တူညီတဲ့အကျိုးကျေးဇူးလေးတွေ ပြန်ရခဲ့တာကို သားတို့၊ သမီးတို့ သိကြမှာပါ။ ဒါကြောင့်မို့ သားတို့ သမီးတို့ကလဲ လူတိုင်းအပေါ် စေတနာထားပြီး တတ်နိုင်သမျှကူညီပေးကြရမယ်နော်။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

## ဖူးမျှော်ကြမည် သဲပုံစေတီ

♦ ဗုဒ္ဓရည်စူး သဲပုံစေတီ
တည်ထားပူဇော်သည်၊
ရိုးရာအညီ ဓလေ့ကောင်း
ပြုလုပ်လတပေါင်း။

♦ နှစ်ဟောင်းကုန်သည့် နွေရာသီ
ဖူးပွင့်သရဖီ၊
ဗုဒ္ဓဂုဏ်ရည် စိတ်မှာမှန်း
သဲပုံစေတီကပ်လှူဒါန်း။ ။

**ရွှေတိုး(ထုံးဘို)**



## မြန်မာ့သနပ်ခါး

♦ သနပ်ခါး သနပ်ခါး
မြန်မာ့သနပ်ခါး။

♦ ကမ္ဘာတစ်လွှား မရှိပြန်
တို့နိုင်ငံရဲ့စံ။

♦ ကျား၊မ မကျန် လိမ်းခြယ်သွေး
ပါးကွက်ကျားလေးမွှေး။

♦ ကျန်းမာရေးနဲ့ ညီညွတ်ပေ
ဝင်းဝါစိုစိုပြေ။

♦ ယဉ်ကျေးအမွေ ဓလေ့ကောင်း
ဂုဏ်ယူမိပါကြောင်း။ ။

**ကန်မြဲ ချစ်မင်းဝေ**



# စစ်ကိုင်းမြို့နယ်တွင် နေကြာ ၁၁၃၃၉ ကေထိ ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၂၃ ဒသမ ၇၉ တင်းထွက်ရှိ



**စစ်ကိုင်း မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၁၃၃၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၃ ဒသမ ၇၉ တင်း ထွက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၃၃၇ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၁၃၃၉ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၃ ဒသမ ၇၉ တင်းထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၁၃၃၇ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၁၃၃၉ ကေ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် နေကြာသီးနှံကို အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်တံခါးမြို့နယ် သံပုရာခုံကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ကျောက်တံခါး မတ် ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သံပုရာခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် ဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့် အတူ သံပုရာခုံကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၅၁၅၀ သွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ကျောက်တံခါးမြို့နယ် သံပုရာခုံကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရ ငွေကျပ် ၃၀ ဒသမ ၄ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၃၇ သန်း စုစုပေါင်း ငွေကျပ် ၆၇ ဒသမ ၄ သန်း အသုံးပြုပြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုထံမှ သိရသည်။

ကိုညို









## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်မင်းထွန်း (ဘ) ဦးကျော်တင့်(၉/မနမ(နိုင်)၁၀၉၃၇၄)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၅၉ လမ်း၊ ၂၅ နှင့် ၂၆ ကြားတွင်နေထိုင်သူဖြစ်ပြီး **"ရွှေမန်းတောင်အောင်မြေ"**အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း**(SHWE MANN TAUNG AUNG MYAY COMPANY LIMITED)**အား တရားဝင်လုပ်ငန်းလိုင်စင်၊ ကုမ္ပဏီလိုင်စင်ဖြင့် တည်ထောင်လုပ်ကိုင်လည်ပတ်လျက်ရှိသည်မှာ ယနေ့အချိန်ထိပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေလုပ်ငန်းဖြစ်သော **"ရွှေမန်းတောင်အောင်မြေ"** အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းကိုလည်းကောင်း၊ ဦးအောင်မင်းထွန်းကိုလည်းကောင်း ဂုဏ်သိက္ခာကျဆင်းစေသော၊ လုပ်ငန်းအပေါ် ထိခိုက်နစ်နာစေနိုင်သော ပြောဆိုမှု၊ ရေးသားမှု၊ ကြေညာမှု၊ အသရေဖျက်မှု တစ်စုံတစ်ရာပြုလုပ်သည်ကို တွေ့ရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်မင်းထွန်း (ဘ) ဦးကျော်တင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးသာထက်လင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၂၄၄)**
မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၇၇၀၁၀၀၁၂၅၅




## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀/၁)၊ မြေကွက်အမှတ်(၂-က)၏ မြေချိန်ဧရိယာ(၃.၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၏ မြေချိန်ဧရိယာ(၁.၆၀၈)ဧက၊ စုစုပေါင်း မြေချိန်ဧရိယာ(၅.၅၃၃)ဧကပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ ဦးကောင်းထက်ဇော် (ဘ) ဦးသိန်းဇော်(၉/မဟမ(နိုင်)၀၂၂၈၄၁)ပိုင်ဆိုင်သော တိုက်အမှတ်(၆)၊ (၇)လွှာ၊ အခန်းအမှတ်(၃) တိုက်ခန်း၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်စွဲပါ ပိုင်ဆိုင်မှုစာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်နန်းအိရွှေစင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန်လိုအပ်...

❖ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၈ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၀၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား

စာမျက်နှာ ၁၉ ကော်လံ ၅ ❍



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၈ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။




## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲပြီးဆုံး ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲမရှိဖြင့် နှစ်ရာသီဆက် ချန်ပီယံဆုဆွတ်ခူး

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပပြီးစီးခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ရှုံးပွဲမရှိဖြင့် နှစ်ရာသီဆက်ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲနောက်ဆုံးပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မျိုးစေ့ပြပွဲ ၂၀၂၅(Seed Fair 2025) ဖွင့်ပွဲကျင်းပ စာမျက်နှာ- ၁၇

Miss Yangon 2025 အလှမယ်ပြိုင်ပွဲကို မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ MCC တွင် ကျင်းပသွားမည်ဖြစ် စာမျက်နှာ- ၁၁

တက္ကသိုလ်ဝင်စာမေးပွဲကြီး အောင်မြင်ဖို့ အကောင်းဆုံးကြိုးစားဖြေဆိုသွားစေလို ဆောင်းပါး စာမျက်နှာ- ၂၆